# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 29 July 2021 ၁၀၄၄၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်ကူးစက်မှု ကင်းစင်တဲ့ ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့ ......**

စာမျက်နှာ » ၆

---

**ရန်ကုန် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်သား ၆၁၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး**

စာမျက်နှာ » ၈

---

**ကိုဗစ်-၁၉ ရောဂါလက္ခဏာ ခံစားနေရပြီဆိုရင် စိုးရိမ်ပူပန်တတ်တဲ့စိတ်တွေမဖြစ်ဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှုတွေမဖြစ်ဖို့ အများကြီးအရေးကြီးပါတယ်**

စာမျက်နှာ » ၁၁

---

**ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀၀ စံချိန်တင်တွေ့ရှိ**

စာမျက်နှာ » ၁၃


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် ဇူလိုင် ၂၈

| | |
|---|---|
| မောင်တော | ၁၂ ဒသမ ၆၇ လက်မ |
| ရွှေဂူနမ်း | ၉ ဒသမ ၄၃ လက်မ |
| ရှမ်းရွာသစ် | ၆ ဒသမ ၀၂ လက်မ |
| သိမ်ဇရပ် | ၅ ဒသမ ၈၇ လက်မ |
| ပိုင်ကျုံ | ၅ ဒသမ ၅၀ လက်မ |
| အမ်း | ၅ ဒသမ ၃၆ လက်မ |
| ကော့ကရိတ် | ၄ ဒသမ ၆၉ လက်မ |



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

ဓာတ်ပုံ-ဇော်လင်းဦး(အောင်စံ)

# နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဇူလိုင် ၂၈

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဝန်ကြီးဌာနပေါင်းစုံမှ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသည့် ဝန်ထမ်း ၂၇၆ ဦးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ အသက် ၆၅ နှစ်နှင့်အထက်ပြည်သူစုစုပေါင်း ၁၁၆၁ ဦးကိုလည်းကောင်း၊ နေပြည်တော်အချုပ်ထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူ ၃၆၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်၌ ထိန်းသိမ်းထားသော အကျဉ်းသား၊ အကျဉ်းသူနှင့် အချုပ်သား၊ အချုပ်သူ ၆၁၀ ကို ပထမအကြိမ်အဖြစ်လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ အလှူရှင်များ တက်ရောက်ကြသည်။




အစီအစဉ်အရ အလှူရှင် ၄၀ က အလှူပစ္စည်းများဖြစ်သည့် Oxygen Regulator နှစ်စုံ၊ Rapid Diagnostic Test(RDT)Kit အစုံ ၂၀၀ ၊ Oximeter ၅၀၊ နှာခေါင်းစည်း ၁၀၀၀၀၊ ရေသန့်စက် နှစ်လုံး၊ ကာကွယ်ဆေးတစ်ပုံး၊ ငွေကျပ် ၁၀၇၄၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ နာယက မြို့တော်ဝန် ဦးဗိုလ်ဌေး၊ လုပ်ငန်းကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေတို့က အလှူပစ္စည်းများနှင့် အလှူငွေများကို လက်ခံရယူကြပြီး မြို့တော်ဝန် ဦးဗိုလ်ဌေး ကကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၈- ၇ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၃၈၂ | ၃,၃၉၉,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၂,၆၈၄ | ၈,၈၅၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆ | ၁၂၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၃ | ၈,၁၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၂၀ | ၆၂,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၄၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၂.၈၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၀၀၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၈.၃၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၁၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၉.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၉.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၇.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၄၃ |

# အကြမ်းဖက်မှုကိုတိုက်ဖျက်မှ ပြည်သူများဘဝ လုံခြုံစိတ်ချ

ကမ္ဘာပေါ်တွင် နိုင်ငံရေး၊ ဘာသာရေး၊ ဝါဒရေး၊ စီးပွားရေး အကြောင်းတစ်မျိုးမျိုးအတွက် လက်နက်စွဲကိုင် တိုက်ခိုက်သတ်ဖြတ်သည့် အကြမ်းဖက်လမ်းစဉ်ကို အသုံးချလာကြသည်။ အကြမ်းဖက်လမ်းစဉ်မှာ ရက်စက်ယုတ်မာသည့်လုပ်ရပ်ဖြစ်ပြီး ပြည်သူများအား အကြောက်တရားကြီးမားလာအောင် လုပ်ဆောင်ကာ အာဏာထူထောင်ခြင်းပင် ဖြစ်သည်။ အကြမ်းဖက်သမားတို့၏ ရည်မှန်းချက်သည် ဖြတ်လမ်းနည်းဖြင့်ရယူသည့် ယုတ်မာရက်စက်သော လုပ်ငန်းစဉ်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အကြမ်းဖက်ဝါဒကို မည်သည့်နိုင်ငံကမျှ လက်မခံဘဲ မိမိတို့နိုင်ငံတွင် အကြမ်းဖက်ဝါဒ ပေါ်ပေါက်လာပါက အမြစ်ပါမကျန် တွန်းလှန်တိုက်ဖျက်ပစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ပစွက်ဖက်မှုများနှင့် တိုင်းပြည်စည်းလုံးညီညွတ်မှု ပျက်ပြားနေသောနိုင်ငံများ၌ အကြမ်းဖက်ဝါဒ အားကောင်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိကာလတွင် အကြမ်းဖက်ဝါဒရလဒ်များကို အီရတ်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်နိုင်ငံတို့တွင် မြင်တွေ့နေရသည်။ အကြမ်းဖက်ဝါဒသည် ကင်ဆာရောဂါကဲ့သို့ဖြစ်ပြီး စောစီးစွာအမြစ်မဖြတ်နိုင်ပါက ကြာလျှင်အမြစ်စွဲ၍ မည်သို့မျှ တိုက်ဖျက်မရသော ရောဂါဆိုးကြီးဖြစ်လာမည်မှာ သေချာသည်။

ယခုအခါ အကြမ်းဖက်ဝါဒကို လက်မခံသော အင်အားကြီးနိုင်ငံကြီးသည်ပင် ရေရှည်တွင် အကြမ်းဖက်ဝါဒကို အလျှော့ပေးလာရသည်ကို တွေ့ရသည်။ ထိုနိုင်ငံကြီးသည် အကြမ်းဖက်သမားတို့ကို ဆယ်စုနှစ်တစ်ခုမက တိုက်ဖျက်လာရာမှ ကြာရှည်သောအခါ စစ်ပန်း၊ စစ်စရိတ်ထောင်း ဖြစ်လာသောကြောင့် အကြမ်းဖက်သမားများ အခြေစိုက်သည့် အထက်ပါနိုင်ငံများမှ တပ်ဆုတ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခါ အကြမ်းဖက်သမားများမှာလည်း ခေါင်းထောင်မင်းမူလာကာ အဆိုပါနိုင်ငံများရှိ ပြည်သူများ ဒုက္ခပင်လယ်ဝေနေကြသည်ကို တွေ့နေရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်သမားများလက်ချက်ကြောင့် ယခုနှစ်အတွင်း အရပ်သားများ သေကျေပျက်စီးမှု ငါးထောင်ကျော်ရှိသည်ဟု သိရသည်။ ယင်းတွင် ကလေးငယ်များသေဆုံးမှု ၁၆၀၀ ကျော်ပင်ရှိနေသည်။

အကြမ်းဖက်သမား တာလီဘန်များနှင့် အာဖဂန်အစိုးရတပ်ဖွဲ့များအကြား တိုက်ပွဲအရှိန်မြင့်တက်လာသည့်အတွက် အရပ်သားများ သေကျေပျက်စီးမှုများလာသည့်အပေါ် ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။ တိုက်ပွဲများနှင့်ပဋိပက္ခများကြောင့် အရပ်သားများ သေကျေပျက်စီးရမှုကို တာလီဘန်နှင့် အာဖဂန်အစိုးရ နှစ်ဖက်စလုံးအား သတိထားကြရန် ကုလသမဂ္ဂက တောင်းဆိုထားသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်ဦးပိုင်း နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြု၍ အကြမ်းဖက်လုပ်ငန်းစဉ်များ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ အကြမ်းဖက်သမားများ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူများ ရာနှင့်ချီကာ သေဆုံးရသလို အကြမ်းဖက်သမားများကိုလည်း ရာနှင့်ချီကာ နှိမ်နင်းခဲ့ရသည်။

အကြမ်းဖက်သမားများ ခေါင်းထောင်မလာရန်အတွက် နှိမ်နင်းနေသည့်အပေါ် အကြမ်းဖက်သမားများကိုရော သက်ဆိုင်ရာအစိုးရကိုပါ နှစ်ဖက်သတိထားရန် ကုလသမဂ္ဂ၏ပြောကြားချက်သည် အံ့သြစရာပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြမ်းဖက်ဝါဒ ခေါင်းထောင်မလာစေရန် နိုင်ငံများ ကြိုးပမ်းတိုက်ဖျက်နေချိန်တွင် အကြမ်းဖက်သမားများဘက်ကပါ ရပ်တည်ပြောဆိုလာမှုများမှာ မေးခွန်းထုတ်စရာဖြစ်သည်။ အကြမ်းဖက်ဝါဒ အမြစ်စွဲနေသောနိုင်ငံများတွင် တိုင်းပြည်မည်သို့မျှ နာလန်မထူလာနိုင်ဘဲ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီး ဒုက္ခရောက်နေကြသဖြင့် အကြမ်းဖက်သမားများတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ အကြမ်းဖက်သမားဘက်မှရပ်တည်ခြင်းသည် အကြမ်းဖက်လုပ်ရပ်ကို အားပေးရာရောက်သည်ကို သတိချပ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအာဏာပြန်ရယူလိုမှုကြောင့် နိုင်ငံရေးသမားတို့သည် တိုင်းပြည်အလုံးစုံပျက်စီးရေးလမ်းကြောင်းကို ပြောင်းလဲကျင့်သုံးလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျင့်သုံးလာသော တိုင်းပြည်အလုံးစုံပျက်စီးရေးလမ်းစဉ်သည် တည်ဆဲအစိုးရကို တိုက်ခိုက်ရန်ဆိုသည်ထက် ပြည်သူအချင်းချင်း အမုန်းပွားရေး၊ ပြည်သူအချင်းချင်း တိုက်ခိုက်ဖျက်ဆီးရေး ပြုလုပ်လာသည်ကိုတွေ့ရသဖြင့် တာလီဘန်တို့ထက် ပိုမိုရက်စက်ယုတ်မာသော လုပ်ရပ်ဖြစ်နေသည်။ ထို့ကြောင့် အကြမ်းဖက်လုပ်ရပ်များ ခေါင်းထောင်မလာအောင်၊ အမြစ်မစွဲအောင် ထိရောက်စွာ တိုက်ဖျက်ရမည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များ ပပျောက်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အကြမ်းဖက်ဝါဒသည် ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားတို့၏လက်ချက်ကြောင့် ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများကို နှိမ်နင်းလျက်ရှိပြီး ယခုအချိန်တွင် အမြစ်ပါမကျန်မနှိမ်နင်းနိုင်ပါက နောင်တစ်ချိန်တွင် မြန်မာနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့ ဖြစ်သွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ အကြမ်းဖက်ဝါဒ ချုပ်ငြိမ်းမှသာ ပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အကြမ်းဖက်လုပ်ရပ်များ လုံးဝပပျောက်ရေးအတွက် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ ပြည်သူများက ဝိုင်းဝန်းကူညီလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင် ဆောင်ရွက်ပေး

လူနာတွေကလည်း အာဟာရရှိဖို့ လိုပါတယ်။ ကိုဗစ်နဲ့ပတ်သက်ပြီး ခံနိုင်ရည်ရှိအောင် အာဟာရရှိအောင် ဆောင်ရွက်ပေးဖို့လိုတယ်။ စားနိုင်တဲ့ လူနာတွေရှိသလို မစားနိုင်တဲ့ လူနာတွေရှိမယ်။ မျက်ခြည်မပြတ်ကြည့်ဖို့ လိုပါတယ်။ ဆင်းရဲချမ်းသာ မဟုတ်ပါဘူး။ ဆင်းရဲလို့ မလုပ်နိုင်ဘူး၊ မကျွေးနိုင်ဘူး၊ မစားနိုင်ဘူးဆိုတာ မဖြစ်ပါစေနဲ့။ အားလုံးကို ကျွန်တော်တို့က လူသားတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ဟာတွေကို ပေးလို့ရအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး မြေပြင်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး မြေပြင်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များဖော်ထုတ်ဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ရှိ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**ပြောကြား**

ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်ရှိအချိန်တွင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရောဂါအပြင် သဘာဝဘေးကိုပါ စတင် ကြုံတွေ့နေရပါကြောင်း၊ တတိယလှိုင်းတွင် ကြုံတွေ့နေရသည့် မျိုးကွဲဗိုင်းရပ်စ်သည် ပိုမိုကူးစက်မှုမြန်ပြီး ပိုမိုပြင်းထန်သဖြင့် ယခင်က အသက်(၆၀)ကျော်များသာ သေဆုံးမှုများရှိခဲ့သော်လည်း ယခုအခါ ကျန်းမာသန်စွမ်းသူများပင် သေဆုံးမှုများ ရှိနေပါကြောင်း၊ တတိယလှိုင်းတွင် ထူးခြားချက်အနေဖြင့် ဆရာဝန်၊ သူနာပြုအင်အား မလုံလောက်မှုများလည်း ကြုံတွေ့နေရပါကြောင်း၊ ယခုတတိယလှိုင်း ဖြစ်ပွားသည့်ကာလတွင် အောက်ဆီဂျင်လိုအပ်ချက်ပြဿနာ ထပ်တိုး ရင်ဆိုင်လာရသည့်အတွက် နိုင်ငံတော်မှ ဝယ်ယူပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ယခုနိုင်ငံတော်မှ ကာကွယ်ဆေးကို အရှိန်အဟုန်ဖြင့် ထိုးနှံရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို ပါဝင်ကူညီရာတွင် သက်ဆိုင်ရာ မြို့နယ်များအလိုက် နိုင်ငံတော်မှ ဖွဲ့စည်းထားသည့် ထိန်းချုပ်တုံ့ပြန်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်(၈)ခုမှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်း ကိုယ်စားလှယ်များက ဒေသအလိုက် ကြုံတွေ့နေရသည့် အခက်အခဲ၊ ပံ့ပိုးပေးရန်လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယူနန်ပြည်သူများက ကိုဗစ်-၁၉ရောဂါ လူနာများ ကုသရာတွင် အသုံးပြုရန် အောက်ဆီဂျင်အရည် တန် ၂၀၀ လှူဒါန်း



မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် မန္တလေး

**မန္တလေး ဇူလိုင် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်သူများက မြန်မာနိုင်ငံမှ ကိုဗစ်လူနာများ ကုသရာတွင်အသုံးပြုရန် အောက်ဆီဂျင်အရည် တန် ၂၀၀ လှူဒါန်းပွဲကို ယနေ့ ညနေ ၄ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ကျင်းပသည်။

လှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဦးမျိုးအောင်၊ ဦးသိန်းငွေ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်နှင့်တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေ ရှာဖွေရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းပေးအပ်**

ရှေးဦးစွာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ ယူနန်ပြည်သူများက လှူဒါန်းသည့် အောက်ဆီဂျင်အရည် တန် ၂၀၀ နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ရန်ပုံငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် မန္တလေး အထွေထွေရောဂါကုဆေးရုံအုပ်ကြီးတို့က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရန် အလှူရှင်များက လှူဒါန်းလျက်ရှိရာ အဆိုပါဆေးရုံကြီးရှိ အောက်ဆီဂျင်အရည်စက်ရုံသို့ ဇူလိုင် ၁၇ ရက်တွင် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်ပုံငွေ ရှာဖွေရေးကော်မတီက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အောက်ဆီဂျင်အရည် ၂၆ တန်ကို လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် အလှူရှင် ဦးခိုင်ဇော်ဆွေနှင့် ဇနီးဒေါ်သက်သက်လှိုင် မိသားစုက မြဝတီမှ အောက်ဆီဂျင်အရည် တန် ၂၀ ကို လည်းကောင်း၊ ဇူလိုင် ၂၃ရက်တွင် ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေ ရှာဖွေရေးကော်မတီမှ လီတာ ၄၀ Oxygen Cylinder အလွတ်ဘူး ၁၂၀၀ ကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ လည်းကောင်း၊ ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းက အောက်ဆီဂျင်အရည် ၅ တန်တို့ကို လည်းကောင်း လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၈**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်း အဝေးခန်းမ(၄)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အသီးသီး ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၈**
ကိုဗစ်-၁၉ ရောဂါခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာ များနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင် အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာ ရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်း လျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ သို့ အောက်ဆီဂျင်အိုး အလုံး ၅၀ ကို နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ သာပေါင်းမြို့၊ မအူပင်မြို့နှင့် ဓနုဖြူမြို့များရှိ



ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ ၉၉ လုံးတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့ရှိ အထွေထွေရောဂါကုပြည်သူ့ ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ အိုး အလုံး ၉၀ ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ ဝန်ထမ်းများက လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကို အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နှင့် နတ်တလင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ အောက်ဆီဂျင်အိုး ၆၅ လုံးတို့ကို တောင်ပိုင်း တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ က ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း သွားရောက်လှူဒါန်းကြရာ တာဝန်ရှိ သူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အောက်ဆီဂျင်ထုတ်စက်များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အောက်ဆီဂျင်ထုတ်စက်များကို တပ်ဆင်ထုတ်လုပ် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၂၈**
ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၉)ကို ဇူလိုင် ၃၀ ရက် ည ၈ နာရီ သတင်းအပြီး တွင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရား ဘိုတာထွန်းညွန့် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် စန္ဒရားဘိုတာ ထွန်းညွန့်၊ ကိုခင်မောင်သန်း၊ စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ ထက်မြက်စိုး၊ မော်မော် ထွန်းညွန့်၊ ယဉ်ဝေယံထွန်း၊ ဆွေဆွေမြင့်၊ မြတ်နိုးစံနှင့် မြနန္ဒာ တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၂၈**
သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲအသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၂၅)ကို ဇူလိုင် ၃၀ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ် (၂၅)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည် ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည် ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇူလိုင် (၃၀၊ ၃၁)ရက် ဩဂုတ် (၁)ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင် သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## မွန်ပြည်နယ်၌ ကာကွယ်ဆေးထိုးမည့်နေရာများ ကြိုတင်ဆောင်ရွက်

**မော်လမြိုင် ဇူလိုင် ၂၈**

မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီက မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးသည် မကြာမီ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့အတွက် ချမှတ်ထားသည့် Standard Operation Procedure (SOP) ၁၂ ချက်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်များအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး လူဦးရေစာရင်းများ ကောက်ယူထားရန်၊ ကာကွယ်ဆေးထိုးမည့် နေရာများကို ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်ကြောင်း ပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများအတွက် အဘက်ဘက်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို Standard Operation Procedure (SOP) ၁၂ ချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မွန်ပြည်နယ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၉၀၀၀၀ ကျော် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောက်ဆီဂျင်အိုးများ၊ စားသောက်ဖွယ်ရာများ၊ ရောဂါကာကွယ်ရေးပစ္စည်းများပေးအပ်

**မုံရွာ ဇူလိုင် ၂၈**

ဘုတလင်မြို့ ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ဘုတလင်မြို့နယ်အတွင်းရှိ ကိုဗစ်ပိုးအတည်ပြုလူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ၊ အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုး ၂၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက မိမိတို့တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကိုလည်း အမြန်ဆုံးရရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဘုတလင်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းစေရေးအတွက် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင်စိုးတို့က ဘုတလင်မြို့နယ်အတွင်းရှိ ကိုဗစ်အတည်ပြုလူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ၊ အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး၂၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့နယ် မြဝတီခန်းမတွင် ကိုဗစ်အတည်ပြုလူနာများ ကုသရေးစင်တာသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မကွေး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ခရိုင်အလိုက် တာဝန်ပေးအပ်ထားသည့် ကော်မတီများအနေဖြင့် မိမိခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ Test Kitဖြင့် စစ်ဆေးမှု၊ ရောဂါပိုးတွေ့ရှိသူများအား စင်တာများတွင် ထားရှိနိုင်ရေး ဆောင်ရွက်မှု၊ ထိစပ်သူများအား သီးခြားထားရှိနိုင်ရေးဆောင်ရွက်မှု၊ ရောဂါပိုးတွေ့ရှိသူများအတွက် လိုအပ်သောဆေးဝါးများ ဦးစားပေးနိုင်ရေး၊ စင်တာများတွင် တက်ရောက်ကုသနေသော လူနာများအတွက် ထောက်ပံ့ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း၊ မျက်နှာကာ၊ လက်အိတ်၊ လက်သန့်ဆေး၊ death body သယ်ဆောင်သည့်အိတ်များ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ထားနိုင်ရေး အခြေအနေများအားလည်းကောင်း၊ ကူညီဆောင်ရွက်ပေးနေကြသည့် လူမှုကူညီရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများအား အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ခရိုင်များအလိုက် တာဝန်ပေးအပ်ထားသည့် ကော်မတီဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး မကွေးလေတပ်စခန်း ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းမောင်သိန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ (မကွေး)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးပြုရန် အလှူငွေပေးအပ်

**ကော့သောင်း ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရန်ပုံငွေအတွက် မြို့မိမြို့ဖ စေတနာရှင်၊ အလှူရှင်များ၊ မြို့ခံလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများက အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကော့သောင်းမြို့ မဇ္ဈူသကခန်းမတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး လမ်းညွှန်စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ရန်ပုံငွေ ရှာဖွေစုဆောင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အလှူငွေပေးအပ်လှူဒါန်းမှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် မြို့မိမြို့ဖ စေတနာရှင်၊ အလှူရှင်များ၊ မြို့ခံကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရန်ပုံငွေအဖြစ် အလှူငွေ များ အသီးသီးပေးအပ်လှူဒါန်းကြရာ ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ရန်ပုံငွေရှာဖွေစုဆောင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) ကော့သောင်း စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ဇော်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရန်ပုံငွေအတွက် မြို့မိမြို့ဖ စေတနာရှင်အလှူရှင်များ၊ မြို့ခံကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက အလှူငွေစုစုပေါင်း ကျပ်ငွေ ၄၁၉၆၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သန်လျင် သာသနာ့ဗိမာန် Test Center ၌ မည်သူမဆို (အခမဲ့) စစ်ဆေးနိုင်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရမှု ရှိမရှိနှင့် ဖျားနာ၊ ချောင်းဆိုးနှင့် အနံ့ပျောက်လူနာများအား သန်လျင်မြို့နယ် မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး Test Center ၌ နံနက် ၉ နာရီမှ စတင်ကာ မည်သူမဆို(အခမဲ့) စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။

သန်လျင်မြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေး၊ နှာချေခြင်း၊ အနံ့မရ၊ အနံ့ပျောက်ခြင်း၊ အရသာမရခြင်း၊ အသက်ရှူမဝခြင်း၊ ခေါင်းကိုက်ခြင်း၊ ခြေလက်မသယ်ချင်ဖြစ်ခြင်း၊ ဝမ်းသွားခြင်းနှင့် မောပန်းလွယ်ခြင်းစသည့် ရောဂါလက္ခဏာများ ခံစားရပါက အဆိုပါနေရာတွင် မည်သူမဆို (အခမဲ့) စမ်းသပ်စစ်ဆေးမှုခံယူနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကိုဗစ်ကူးစက်မှု ကင်းစင်တဲ့ ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့ ......

ရတီ

နံနက်စောစော အဖေနဲ့ အမေ နှစ်ယောက်သား အပြန်အလှန်စကားဆိုသံကြောင့် ကျွန်မ ပြုံးမိပါတယ်။ "လက်ကို ခဏခဏဆေးပါ၊ လူစုလူဝေး ရှောင်ရှားပါ၊ နှာစေးချောင်းဆိုးရင် အုပ်ထားပါ" ဆိုတဲ့ ကိုဗစ် အသိပညာပေးသီချင်းတစ်ပိုင်းတစ်စကို အဖေက ဆိုပါတယ်။ ဒီလိုဆိုတော့ "အမေက သိပါတယ်တော်၊ ဆရာမလုပ်နဲ့၊ အကုန်ကြားဖူးပြီးသား"ဟု ဆိုပြန်ပါတယ်။ သူတို့ အတိုင်အဖောက်နဲ့ သူတို့။

အဖေက ကာကွယ်ဆေးထိုးပြီးသား။ အမေက အခုမှ ထိုးရမှာမို့ အဖေက အမေ့ကို ဆရာလုပ်တယ်။ အမေကလည်း မခံ၊ သူသိတဲ့ ကိုဗစ်နဲ့ ပတ်သက်တဲ့ ရှောင်ရန်၊ ဆောင်ရန်တွေတောင် တရစပ် ပြန်ပြောပြနေလိုက်သေးတယ်။ အမေ့အပြောကို အဖေကတော့ ပြုံးပြုံးကြီး နားထောင်လို့။

သူ ပြောချင်တာတွေ တစ်ဝကြီးပြောပြီး နှာခေါင်းစည်းတပ်၊ Face Shield တပ်၊ ရေမလို လက်သန့်ဆေးရည်ဘူးကိုင်ပြီး ကာကွယ်ဆေးထိုးသွားဖို့ အမေက ပြင်ဆင်ပါတယ်။ ကျွန်မက မှာမလို့ ကြံကာရှိသေး၊ အဖေက "ခြောက်ပေအကွာ သိတယ် မဟုတ်လား၊ အရင်လို တွေ့တဲ့သူနဲ့ လေမပေါ်နဲ့"လို့ အမေ့ကို ဆိုပါတယ်။ အမေကတော့ အဖေ့ကို မျက်စောင်းနဲ့သာ နှုတ်ဆက်ပြီး ကျွန်မကိုတော့ "သမီးရေ အမေ သွားလိုက်ဦးမယ်" ဆိုကာ ကာကွယ်ဆေးထိုးရပ်ဆီ သွားပါတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအချိန်မှာ မိသားစုတိုင်းဟာ ကိုဗစ်အကြောင်း နှောကျေဖို့ လိုနေပြီမလား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေကို သိရှိလိုက်နာပြီးတော့ ကိုဗစ်ကို အနိုင်ယူဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ကိုဗစ်ကို အနိုင်ယူနိုင်ဖို့ သူ့အကြောင်းသိဖို့ လိုသလို ကာကွယ်ဆေးလွှမ်းခြုံမှု ရာခိုင်နှုန်းအပြည့်ရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ကာကွယ်ဆေး ရာနှုန်းပြည့် လွှမ်းခြုံမှုရှိအောင် ကြိုးပမ်းနေတာကို တွေ့ရပါတယ်။ အဖေနဲ့ အမေလို အသက် ၆၀ ကျော် လူကြီးပိုင်းအုပ်စုတွေဟာ ရောဂါအခံ အများစုရှိကြပါတယ်။

"သမီးရေ... ကာကွယ်ဆေးက အခုတစ်ခါ လူဘယ်လောက်ထိုးပေးမှာလဲ"လို့ အဖေက စကားဆက်မေးပါတယ်။ တရုတ်အစိုးရက လှူတဲ့ ကာကွယ်ဆေးနှစ်သန်းနဲ့ ဝယ်တဲ့ တစ်သန်း စုစုပေါင်း သုံးသန်းထိုးပေးမှာလို့ သတင်းတွေထဲမှာ ဖတ်ရတယ်။ အဖေနဲ့ အမေလို လူကြီးပိုင်းတွေ အပါအဝင် လိုအပ်တဲ့ အုပ်စုအလိုက် ဦးစားပေးထိုးနှံသွားမယ်။ အခုဆေး သုံးသန်းကို လူဦးရေ သုံးသန်း ပထမအကြိမ်ထိုးပေးပြီးတော့ နောက်ထပ်ရောက်လာမယ့် ဆေးကိုကျတော့ ဒုတိယအကြိမ် ထိုးပေးမယ်လို့ သိရတယ်။ နောက်ထပ်ဆေးတွေက ဩဂုတ်လဆိုရောက်ပြီလို့ ကျွန်မကြားသိသမျှ ပြောပြရပါတယ်။

"အေးပါကွယ်။ သာဓု သာဓု သာဓုပါ။ အားလုံး ကျန်းမာချမ်းသာပြီး ကပ်ရောဂါဘေး ကင်းဝေးကြပါစေ"လို့ အဖေက ဆုတောင်းစကားဆိုကာ ညည်းအမေ ဒေါ်ပွစိ ပြန်မလာခင် အေးအေးဆေးဆေး စာဖတ်ဦးမယ်ဆိုကာ အိပ်ခန်းထဲ ဝင်သွားပါတော့တယ်။ ကျွန်မတို့ မိသားစုစကားဝိုင်းလေးနဲ့ ဆက်စပ်ပြီး ပြည်သူတစ်ယောက်အနေနဲ့ တင်ပြလိုတာရှိပါတယ်။ အဓိကတော့ ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးရရှိမယ့် ပြည်သူတိုင်း ကာကွယ်ဆေး

**ကိုဗစ် ကာကွယ်၊ ထိန်းချုပ်ရေး ကြိုးပမ်းမှုတွေမှာ ပြည်သူ ပူးပေါင်းအားလည်း လိုအပ်ပါတယ်။ ကိုဗစ် ကာကွယ်၊ ထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ သတ်မှတ်ချက်တွေကို စနစ်တကျ လိုက်နာဖို့လိုသလို ကာကွယ်ဆေးထိုးလုပ်ငန်းမှာလည်း ပါဝင်ထိုးနှံကြရမှာဖြစ်ပါတယ်။ လူတိုင်း ကာကွယ်ဆေး ထိုးနှံကြရမှာဖြစ်သော်လည်း ကာကွယ်ဆေး ရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအလိုက် ထိုးနှံကြရတာဖြစ်**

လွှမ်းခြုံမှု ခံယူစေချင်တာပါ။

ကျွန်မတို့နိုင်ငံမှာ အခုဖြစ်နေတဲ့ ကူးစက်မြန် ကိုဗစ်ကြောင့် ဆုံးရှုံးမှုတွေ များနေပြီမဟုတ်လား။ ဆွေရင်းမျိုးရင်းထဲ၊ အသိမိတ်ဆွေထဲ ဆုံးရှုံးတာတွေ ကြားရတော့ ဒီရောဂါမရှိစေချင်တော့တာ အမှန်ပါ။ ကမ္ဘာ့ကပ်ရောဂါအသွင်နဲ့ ဖြစ်နေပေမယ့် ကာကွယ်ဆေး လွှမ်းခြုံမှုမြင့်မားတဲ့နိုင်ငံတွေက ဖြစ်ပွားမှု လျော့နည်းသွားတာ၊ ကိုဗစ် သတ်မှတ်ချက်တွေ ဖြေလျှော့မှုပေးတာတွေ အားကျသလို မုဒိတာလည်း ပွားရပါတယ်။ ဘောလုံးပွဲတောင် အုပ်စုလိုက် ကြည့်နိုင်၊ ခရီးတွေသွားနိုင်၊ လူစုလူဝေးနဲ့ ပျော်ပွဲတွေ ကျင်းပနိုင်တဲ့ အခြေအနေတွေ ရှိနေပါပြီ။ ကိုယ့်နိုင်ငံလည်း အဲဒီလိုအခြေအနေ အမြန်ဆုံး ပြန်ရောက်ချင်ပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းဆိုပြီး အမျိုးမျိုးလာနေတဲ့ ကိုဗစ်နဲ့ပတ်သက်တဲ့ ရှောင်ရန်၊ ဆောင်ရန်ကတော့ လူတိုင်းနီးပါး သိနေကြပါပြီ။ ဒါကြောင့် ကာကွယ်ဆေးအစီအစဉ်ကို လက်လွှတ်မခံဖို့ဘဲ ကျန်ပါတော့တယ်။

ကိုဗစ်ကပ်ရောဂါအတွက် ကာကွယ်ဆေးထိုးနှံမှုက ထွက်ပေါက်ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးထားရင် ရောဂါကူးစက်မှု ၈၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်တယ်လို့ သိရပါတယ်။ ဒီအတွက်ကြောင့် ကိုဗစ်ကူးစက်မှု ကင်းစင်တဲ့ ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့ ဦးစားပေးအစီအစဉ်နဲ့ ထိုးနှံပေးမယ့် ကာကွယ်ဆေးလွှမ်းခြုံမှုမှာ ပါဝင်ထိုးနှံကြရမှာဖြစ်ပါတယ်။

ဒီလို ကာကွယ်ဆေး လွှမ်းခြုံမှုရှိအောင် အစိုးရအနေနဲ့ ပြည်ပနိုင်ငံတွေက မှာယူတင်သွင်းနေသလို လှူဒါန်းရရှိထားတဲ့ ကာကွယ်ဆေးတွေ အမြန်ဆုံး ထိုးနှံနိုင်ရေးကို စီစဉ်လျက်ရှိတာကို တွေ့ရပါတယ်။ ထို့အတူပဲ လိုအပ်တဲ့ ဆေးဝါးအထောက်အကူပြု ပစ္စည်းတွေ တင်သွင်းတဲ့ လုပ်ငန်းတွေကို လွယ်ကူလျင်မြန်အောင် သက်ဆိုင်ရာဌာနတွေက ပိတ်ရက်မရှိ ပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။ ကုသရေးအတွက် အသုံးပြုတဲ့ အောက်ဆီဂျင်အလုံအလောက် ရရှိရေးကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံလျက်ရှိပါတယ်။ အောက်ဆီဂျင်လိုအပ်ချက်မဖြစ်ရအောင် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကနေ အောက်ဆီဂျင်အရည်နဲ့ အောက်ဆီဂျင်အိုးတွေကို နယ်စပ်ကုန်သွယ်ရေးစခန်းတွေကတစ်ဆင့် တင်သွင်းပေးလျက်ရှိပါတယ်။

ဒီလို အင်တိုက်အားတိုက်ဆောင်ရွက်ရာမှာ အာဆီယံနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ စတာတွေနဲ့ ပူးပေါင်းအစီအစဉ်တွေလုပ်ပြီး တိုးမြှင့်သွားဖို့ စီမံနေတာကိုလည်း သိရှိရပါတယ်။ အစိုးရအနေနဲ့ ပြည်သူအားလုံး ကာကွယ်ဆေးလွှမ်းခြုံမှု မြန်မြန်ဆန်ဆန်ရရှိဖို့အတွက် ပုဂ္ဂလိကကဏ္ဍကနေ တင်သွင်းပြီး ထိုးနှံနိုင်ဖို့အတွက် အစီအမံတွေထားရှိဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် ပြည်တွင်းမှာပဲ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့လည်း ကြိုးပမ်းနေပါတယ်။ ကာကွယ်ဆေးကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ ရုရှားနိုင်ငံနဲ့ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အစီအစဉ်တွေ၊ တခြားနိုင်ငံတွေက ကမ်းလှမ်းထားတဲ့ အခြေအနေတွေလည်း ရှိနေပြီဖြစ်ပါတယ်။

အစိုးရအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကုသရေးလုပ်ငန်းစဉ်ကို ထိရောက်မှုရှိစေဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုးမြှင့်လုပ်ဆောင်ဖို့ စီစဉ်နေပါတယ်။ ပြည်သူကြားမှာ ဖြစ်ပေါ်နေတဲ့ ကိုဗစ်လူနာတွေများလို့ ဆေးရုံမှာ လူနာကျပ်သည့်ဆိုတာကို ဆေးရုံကဲ့သို့ နေရာမျိုး ကြားခံဖန်တီးဖြေရှင်းနိုင်ဖို့၊ ဌာနဆိုင်ရာအထက်အောက် တင်ပြမှုတွေကြောင့် ကြန့်ကြာမှုမရှိအောင် ချက်ချင်း ဆုံးဖြတ်ဆောင်ရွက်ပေးနိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးမှာ တာဝန်ရှိသူတွေကို မှာကြားပြီး ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "ဥပမာ – ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ဆေးရုံကြီး ဒါလူတွေကျပ်တယ်လို့ပြောတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆေးရုံမှာ လက်မခံနိုင်ဘူးဆိုရင် ဆေးရုံကဲ့သို့ လုပ်နိုင်တဲ့နေရာမျိုးရအောင် ဖန်တီးပေးဖို့ ကြားမှာ ယာယီဖန်တီးပေးရမယ်၊ ကျွန်တော်တို့ Quarantine စင်တာတွေ လုပ်ပေးထားတာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စင်တာဖွင့်ရုံနဲ့ မရဘူး၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းတွေထားရမယ့်ဟာတွေရှိတယ်။ Quarantine စင်တာရယ်၊ နောက်တစ်ခါ Positive လူနာတွေထားမယ့်နေရာရယ်၊ ကုသရေးစင်တာထားမယ့်နေရာ၊ ကုသရေးစင်တာကတော့ ဒါမဖြစ်မနေ ဆရာဝန်တွေထားရမှာပေ့ါ။ အမြင့်ဆုံးကတော့ ကုသရေးစင်တာပဲ။ အဓိက Density များတဲ့ ရန်ကုန်တိုင်းဒေသကြီးလို၊ မန္တလေးတိုင်းဒေသကြီးလိုဟာမျိုးမှာ ဒီကုသရေးနဲ့ ပတ်သက်ပြီးတော့ စင်တာနဲ့ပတ်သက်ပြီးတော့ ဒီထက်တိုးချဲ့လို့ရမယ်ဆိုရင် တိုးချဲ့မယ်။ တစ်ဖက်ကလည်း လူထပ်ပေးဖို့လိုလို့ရှိရင် ထပ်ပြီး မှုရမယ့်သဘောရှိတယ်။ အဲဒါကို Realtime လုပ်ပါ။ ဟိုတင်ပြ ဒီတင်ပြတာတွေက ကြာပါတယ်။ ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်း အရေးယူဆောင်ရွက်တာ ကောင်းပါတယ်၊ အဲဒါလေးလုပ်ပေးပါလို့ ကျွန်တော်ကတော့ အကြံပြုလိုပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းရာမှာ အရေးပါတဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေ ဈေးနှုန်းတင်ရောင်းချတာမျိုး၊ သိုလှောင်ပြီး ပစ္စည်းပြတ်လပ်မှုတွေဖြစ်ပေါ်အောင် လုပ်တာမျိုး၊ အခြေခံစားသောက်ကုန်တွေကို ဈေးနှုန်းကြီးမြင့်အောင် လုပ်တာမျိုးတွေဟာ ပြည်သူအချင်းချင်း ဒုက္ခပေးတဲ့ လုပ်ရပ်တွေဖြစ်တာမျိုး မတော်လောဘရှိသူတွေအနေနဲ့ လောဘအတောသတ်ဖို့ လိုအပ်ပါတယ်။ ကပ်ရောဂါကာလမှာ ကိုယ်ကျိုးစီးပွားထက် အများအကျိုးစီးပွားကို အလေးပေးကြစေလိုပါတယ်။

ကိုဗစ် ကာကွယ်၊ ထိန်းချုပ်ရေး ကြိုးပမ်းမှုတွေမှာ ပြည်သူပူးပေါင်းအားလည်း လိုအပ်ပါတယ်။ ကိုဗစ် ကာကွယ်၊ ထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ သတ်မှတ်ချက်တွေကို စနစ်တကျ လိုက်နာဖို့လိုသလို ကာကွယ်ဆေးထိုးလုပ်ငန်းမှာလည်း ပါဝင်ထိုးနှံကြရမှာဖြစ်ပါတယ်။ လူတိုင်းကာကွယ်ဆေး ထိုးနှံကြရမှာဖြစ်သော်လည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးအလိုက် ထိုးနှံကြရတာဖြစ်ပါတယ်။

ဒီနေရာမှာ ပြည်သူတွေအနေနဲ့ ဖေ့စ်ဘွတ်က သတင်းတု၊ သတင်းမှားတွေကို နားယောင်ကာ ကာကွယ်ဆေးထိုးနှံခွင့်အခွင့်အရေးကို မဆုံးရှုံးစေလိုပါ။ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပေါ်တတ်တဲ့ တုံ့ပြန်မှုလက္ခဏာတွေကို ကြောက်ရွံ့မှု မရှိစေလိုပါ။ ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ အသိပညာပေး အကြောင်းအရာတွေကို ပြည်သူထံ သတင်းမပြတ်ပေးနေတာမို့ ဒီအကြောင်းအရာတွေကို လေ့လာစေလိုပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ ကာကွယ်ဆေးအားလုံးဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးအမျိုးအစားတွေဖြစ်တဲ့အတွက် ထိရောက်လုံခြုံမှုရှိတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံပြီး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းတွေနဲ့အညီ ပြုမူနေထိုင်ပါက ကိုယ့်အတွက် ကာကွယ်သလို အများအတွက်လည်း ကာကွယ်ပေးနိုင်မှာဖြစ်တယ်ဆိုတာ ရေးသားလိုက်ရပါတယ်။ ။

**လက်ရှိမြန်မာနိုင်ငံမှာ အသုံးပြုနေတဲ့ ကာကွယ်ဆေးအားလုံးဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေး အမျိုးအစားတွေ ဖြစ်တဲ့အတွက် ထိရောက်လုံခြုံမှုရှိတဲ့ ကာကွယ်ဆေး တွေဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ကာကွယ်ဆေး ထိုးနှံပြီး ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းတွေနဲ့အညီ ပြုမူနေထိုင်ပါက ကိုယ့်အတွက် ကာကွယ်သလို အများအတွက်လည်း ကာကွယ်ပေးနိုင်မှာဖြစ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ယာယီကင်းလွတ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော်  ဇူလိုင် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြည်ပမှ တင်သွင်းခွင့် သွင်းကုန်လိုင်စင် လျှောက်ထားခြင်းကို ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ဒေသများမှ တင်သွင်းရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ရုံးပိတ်ရက်မရှိ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုံမှန်အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြားကုန်စည်များအတွက် အများပြည်သူ အလုပ်ပိတ်ရက်ရှည်ဖြစ်သည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ပို့ကုန်သွင်းကုန် လိုင်စင် လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်း ဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ပို့ကုန်လိုင်စင် အစောင် ၂၀ (တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၆ သန်း) နှင့် ဆေးနှင့်ဆေးပစ္စည်းအတွက် သွင်းကုန်လိုင်စင် ၅၆ စောင် (တန်ဖိုး အမေရိကန်ဒေါ်လာ ခြောက်သန်း) အပါအဝင် သွင်းကုန်လိုင်စင် ၂၇၇ စောင် (တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၈ သန်း) ခွင့်ပြု ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။



တာချီလိတ်ကုန်သွယ်ရေးဇုန်မှ အောက်ဆီဂျင်အိုးများကို တင်သွင်းလာစဉ်။

ရုံးပိတ်ရက် ကာလအတွင်း ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၀၆၃ ခု၊ Test Kit ၁၅၂၅၀ တို့ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေး စခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၂၉ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၃၃၀၂ ခု၊ နှာခေါင်းစည်း ၂၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၆ ခုမှ ယာဉ်စီးရေ ၃၆ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုစတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၂၈ ရက်အထိ ယာဉ်စီးရေ ၅၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၆၃၁ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၉၄ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၆ တန်၊ အိမ်သုံး အောက်ဆီဂျင်စက် ၄၄၆၈၄ ခု၊ Test Kit ၂၇၅၇၇၈ ခု၊ နှာခေါင်းစည်း ၇၉၇ တန်၊ Oxygen Plant ငါးခု၊ Oxygen Generator ကိုးခု တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။

## ပရဟိတအကျိုးဆောင်များ

❖ အရေးတယူ
ဖေးကူဖို့စိတ်စော။
အကြင်နာ မေတ္တာဖြန်းတယ်
အေးချမ်းစေသော။

❖ ထောက်ထားညှာ
စာနာတဲ့စိတ်စော။
နွေးထွေးစွာ ပြုစုပေးတယ်
ဘေးကင်းစေသော။

❖ အလေးမူ
တွေးပူလို့စိတ်စော။
စေတနာသဒ္ဒါထက်တယ်
အားတက်သရော။

❖ လူမှုရေးဝန်
ကျေပွန်ဖို့စိတ်စော။
အစဉ်ပင် အဆင်သင့်
ငံ့လင့်နေရော့။

❖ မီးရေလေ သဘာဝဘေးနဲ့
လာသမျှအရေး အန်တုကာ၊
အချိန်အခါ နေရာမရွေး
အပြေးရောက်လာ၊
ကျားကုတ်ကျားခဲသွားပါလို့
အခက်အခဲများ ကူညီတာ
မွန်ပါတဲ့ စိတ်ထား။
အများသူငါ လူမှုအကျိုးကို
သယ်ပိုးသူများ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

**(စေတနာ့ဝန်ထမ်း ပရဟိတအကျိုးဆောင်များအားလုံးကို ဂုဏ်ပြုအပ်ပါသည်။)**

**○ ဘူးသီးတောင်မြို့နယ်မှ**

နေအိမ်အချို့ ရေနစ်မြုပ်လျက်ရှိပြီး ဒေသခံများအား ကုန်းမြင့်ပိုင်းရှိ နေအိမ်များနှင့် စာသင်ကျောင်းများသို့ ခေတ္တပြောင်းရွှေ့နေထိုင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပြီး လူ /တိရစ္ဆာန် သေဆုံး၊ ပျောက်ဆုံးမှုမရှိကြောင်းနှင့် ဆန်၊ စပါးများ ပျက်စီးဆုံးရှုံးမှုရှိကြောင်း သိရသည်။

အဆိုပါပျက်စီးဆုံးရှုံးမှုများသည့် ကျေးရွာများရှိ အိမ်ထောင်စုများသို့ စားနပ်ရိက္ခာများ ထောက်ပံ့နိုင်ရေး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်းအေး ဦးဆောင်၍ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ သွားရောက်ပြီး စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**❖ ONE မစ်ဒယ်ဝိတ်တန်းမှ**

လင်ဟီကျူ(တရုတ်)၊ ဗစ်တိုးရီးယားလီ (စင်ကာပူ/အမေရိကန်)နှင့် ဝမ်လုပင်(တရုတ်)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက်က ထိုးသတ်သည့်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ခဲ့သဖြင့် လက်လွှတ်ခဲ့ရသောကြောင့် ချန်ပီယံဆုအား ပြန်လည်စိန်ခေါ်နိုင်ရန် စိန်ခေါ်ပွဲများ ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် လီအန်ဒရိုကို အနိုင်ရပါက မစ်ဒယ်ဝိတ်တန်းချန်ပီယံဆုအား စိန်ခေါ်ခွင့်ရမည်ဖြစ်ပြီး ONE Championship အနေဖြင့် ယခုပွဲမှ အနိုင်ရသူကို ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ အောင်လအန်ဆန်သည် ယခင်က ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၃၀ ရက်၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၁ ခုနှစ် ဧပြီ ၂၈ ရက်တွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကိုအရေးနိမ့်ပြီး ချန်ပီယံခါးပတ်နှစ်ခုစလုံးကို လွှဲပြောင်းပေးခဲ့ရသည်။ အောင်လအန်ဆန်သည် ချန်ပီယံခါးပတ်နှစ်ခုစလုံး လက်လွှတ်လိုက်ရပြီးနောက်ပိုင်း အသက်အရွယ်အရ မစ်ဒယ်ဝိတ်တန်းပွဲစဉ်များသာ ထပ်မံထိုးသတ်ရန် ဆုံးဖြတ်ခဲ့သဖြင့် ONE Championship က မစ်ဒယ်ဝိတ်တန်းပွဲစဉ်များ စီစဉ်ပေးခြင်းဖြစ်သည်။

အောင်လအန်ဆန်နှင့် ထိုးသတ်မည့် လီအန်ဒရိုသည် အသက် ၃၄ နှစ်ရှိပြီဖြစ်ပြီး MMA ကစားသမားဘဝ ၁၅ ပွဲထိုးသတ်ထားရာတွင် ၁၁ ပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ဒီရစ်ဒါနှင့် ထိုးသတ်ပြီးနောက်ပိုင်း တစ်နှစ်ခွဲကျော်မှ ပြန်လည်ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။ လီအန်ဒရိုသည် အောင်လအန်ဆန်ကို နှစ်ပွဲဆက်အနိုင်ရထားသည့် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် ပူးတွဲလေ့ကျင့်နေပြီး ယင်းအချက်မှာ ယခုတွေ့ဆုံမည့်ပွဲအတွက် စိတ်ဝင်စားစရာကောင်းသည့် အချက်ဖြစ်နေသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ - ONE Championship**

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေး ထိုးကြပါစို့

၁။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက် ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံးသော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။

၂။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှုအားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန်ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရမှုကို ၉၅ ရာခိုင်နှုန်းအထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေးနည်းလမ်းတွေထဲမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုး မဝင်နိုင်အောင်လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးကဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ဗိုင်းရပ်စ်ကိုဖမ်းပြီး တားဆီးလိုက်တဲ့အတွက် ရောဂါရဲ့နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်းကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေထွက်တာ လျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမှ ရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုးနောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၀ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့်အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေ့ါပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက် မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့် ကာကွယ်ဆေးထိုး အစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့နေထိုင်ရာဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကင်းဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ်ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးက ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

# ရန်ကုန် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်သား ၆၁၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး





အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၂၈**

လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းကာလတွင် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ပျံ့နှံ့မှုမရှိစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ဝယ်ယူရောက်ရှိလာသော ကာကွယ်ဆေးများ စတင်ထိုးနှံမှု ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/အချုပ်သား ၆၁၀ ကို ယနေ့နံနက်ပိုင်းတွင် စတင်ထိုးနှံပေးခဲ့ကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင်မှ သိရသည်။

**ကာကွယ်ဆေးထိုးဖို့ ဆန္ဒပြု**

"ကိုဗစ်–၁၉ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ဒီနေ့ အင်းစိန်ဗဟိုအကျဉ်းထောင်က အကျဉ်းသားတွေကို ပထမဆုံးစတင်ထိုးနှံပေးတာ ဖြစ်ပါတယ်။ အရင်ပထမလှိုင်းနဲ့ ဒုတိယလှိုင်းတုန်းကတော့ မထိုးဖြစ်ခဲ့ဘူး။ အခုလည်းထောင်အတွင်း အကျဉ်းသားတွေအနေနဲ့ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှုတော့ မရှိသေးဘူး။ ဒါပေမယ့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဒီကနေ့ ကနဦးထိုးနှံပေးတာ ဖြစ်ပါတယ်။ အကျဉ်းသား/အချုပ်သား ဆန္ဒပြုတဲ့သူနဲ့ ဆေးထိုးဖို့ အကျုံးဝင်တဲ့သူအားလုံးကို စာရင်းကောက်ခံပြီး ထိုးနှံပေးသွားမှာပါ။ တချို့ကလည်း ရောဂါအခံ အခြေအနေတစ်ရပ်ရပ်ကြောင့် မထိုးကြတဲ့ သူတွေလည်းရှိတယ်။ အခုလတ်တလောမှာတော့ ကာကွယ်ဆေးထိုးဖို့ ဆန္ဒပြုထားတဲ့သူ ၂၅၀၀ ကျော်ရှိပါတယ်။ စာရင်းပေးထားတဲ့ အားလုံးကိုတော့ ကာကွယ်ဆေးထိုးနှံပေးသွားမှာပါ"ဟု အင်းစိန်ဗဟိုအကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ထပ်မံထိုးနှံပေးသွားမည်**

အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/အချုပ်သားများအား ကိုဗစ်–၁၉ ကာကွယ်ဆေး ယခုကဲ့သို့ ထိုးနှံပေးခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် အကျဉ်းဦးစီးဌာနမှ တာဝန်ယူကာ စတင်ထိုးနှံပေးခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုကို အင်းစိန်ထောင်အတွင်း ဆေးရုံ၌ပင် အကျဉ်းထောင်ဆရာဝန်ကြီးများနှင့် သူနာပြုဆေးဝန်ထမ်းများက အကျဉ်းသား/အချုပ်သား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၆၁၀ ကို ကြိုတင်ကျန်းမာရေးဆေးစစ်မှုများပြုလုပ်ကာ ယနေ့နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ထိုးနှံပေးခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဆေးဖြန့်ဝေရရှိမှုအပေါ် မူတည်ကာ နောက်ရက်များတွင်လည်း ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရန် ကျန်းမာရေးစစ်ဆေးပေးစဉ်။

**ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်**

အဆိုပါ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှုတွင် အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်၊ အကျဉ်းထောင်ဆေးရုံမှ ဆေးရုံအုပ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံလင်းထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ ဆေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကာ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည်။

လတ်တလောတွင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသား/အချုပ်သား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၉၀၀၀ ကျော်ရှိပြီး ကာကွယ်ဆေးထိုးနှံမည့် စာရင်းပေးသူများမှာ စုစုပေါင်း ၂၅၀၀ ကျော်ရှိကြောင်း သိရသည်။

**သတင်း–မြင့်မိုရ်၊ ဓာတ်ပုံ– မိုးမခ**

# နိုင်ငံ့ဝန်ထမ်းများနှင့် အသက် ၆၅ နှစ်နှင့်အထက် ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ အသက် ၆၅ နှစ်နှင့် အထက်ရှိသူများအား ဇူလိုင် ၂၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ကာကွယ်ဆေးထိုးခြင်းမပြုမီ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆေးမထိုးရအုပ်စု မှန်/မမှန် စိစစ်ပြီး ကာကွယ်ဆေးထိုးပြီးလျှင် ဆေးနှင့် ဓာတ်မတည့်ခြင်းနှင့် ဘေးထွက်ဆိုးကျိုးလက္ခဏာများ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ချက်ချင်းအရေးပေါ် တုံ့ပြန်နိုင်ရန်အတွက် မိနစ် ၃၀ အကြာ စောင့်ကြပ်ကြည့်ရှုပေးရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။


အောင်မြေသာစံမြို့နယ်
ဇော်လင်းဦး(အောင်စံ)


ပျဉ်းမနားမြို့နယ်
ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)


ကန့်ဘလူမြို့နယ်
အောင်ဝင်းငြိမ်း(ကန့်ဘလူ)


မင်းလှမြို့နယ်
ပေါက်စ(မင်းလှ)


ဘောလခဲမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဆားလင်းကြီးမြို့နယ်
ဥမ္မာခိုင်


ယင်းမာပင်မြို့နယ်
စိုးမိုး(ယင်းမာပင်)

# ရောဂါတကယ်ဆိုးရင် အောက်ဆီဂျင် ဆလင်ဒါလီတာ ၄၀ အိုး တစ်ယောက်အတွက် တစ်နေ့စာအလုံး ၁၀-၂၀ ပေးရမှာပါ။ မသုံးဖြစ်ဘဲ သိမ်းထားတော့ တကယ်လိုအပ်သူတွေ အခက်တွေ့ကြရပါတယ်

## ဒေါက်တာသက်အောင်

လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော လူနာအများစုက အသက်ရှူမဝသောဝေဒနာများ ခံစားနေရသည့်အတွက် ပြည်သူအများစုက အောက်ဆီဂျင်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေရှိနေကြသဖြင့် ယင်းကိစ္စများနှင့်ပတ်သက်ပြီး မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းထားပါသည်-

တွေ့ဆုံမေးမြန်း - ထိပ်ထားနိုင်

**မေး။** မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ အောက်ဆီဂျင်အရည် သိုလှောင်ထားမှုနဲ့ သုံးစွဲနေမှု အခြေအနေလေး သိပါရစေရှင့်။

**ဖြေ။** မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ အောက်ဆီဂျင်အရည် ၂၀ တန်ဆံ့တဲ့ Tank တစ်ခုကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီအဖွဲ့ဝင်များက မိမိတို့ကိုယ်ပိုင်ငွေနဲ့ စုပေါင်းလှူဒါန်းထားပါတယ်။ အစောပိုင်းကာလတုန်းကတော့ အောက်ဆီဂျင်အရည်ကုန်ရင် ရန်ကုန်ကိုမှာပြီး ဖြည့်ရပါတယ်။ အခုတလော ရန်ကုန်မှာလည်း အသုံးများနေတဲ့အတွက် တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ကနေ တိုက်ရိုက်ဝယ်ဖြည့်နေရပါတယ်။ ပိုမိုသိုလှောင်နိုင်ဖို့ အဲဒီအလှူရှင်တွေကပဲ Tank နှစ်လုံး ထပ်မံလှူဒါန်းပါတယ်။ မကြာခင် တပ်ဆင်ပြီးမှာပါ။ ကိုးကန့်လူမှုဖွံ့ဖြိုးရေးအဖွဲ့အပါအဝင် တစ်ဦးချင်းအလှူရှင်တွေကလည်း အောက်ဆီဂျင်အရည်လှူဒါန်းနေကြပါပြီ။ ၂၀ တန်ဆံ့ Tank နဲ့ category C ကိုဗစ်လူနာ ၆၇ ယောက်ကို အောက်ဆီဂျင်လေးရက်ခန့်ပေးလို့ရပါတယ်။ အခုဆေးရုံမှာ category C ကိုဗစ်လူနာ ၁၈၅ ယောက် တက်နေပါတယ်။ အောက်ဆီဂျင်အရည် မပြတ်အောင် အလှူရှင် ဦးကျော်ကျော်ဝင်းအဖွဲ့က Tank ကားတွေနဲ့ တောက်လျှောက်ပို့ပေးနေပါတယ်။

**မေး။** မန္တလေးမှာ အောက်ဆီဂျင် ရရှိနိုင်မယ့် နေရာလေးတွေ ပြောပြပေးပါရှင့်။

**ဖြေ။** မန္တလေးမြို့ပေါ်မှာ အောက်ဆီဂျင် ရနိုင်တဲ့နေရာတွေကတော့ MEC ၊ အာကာမိုး၊ မန်းရှင်း၊ ရတနာပုံ၊ စိန်စွန်ညို၊ ရီရှင်း စတဲ့ အောက်ဆီဂျင်စက်ရုံတွေမှာ ရနိုင်ပါတယ်။

**မေး။** အခုတလော ပြည်သူတွေ အောက်ဆီဂျင်နဲ့ပတ်သက်လို့ ကြိုတင်ဝယ်ယူစုဆောင်းတာတွေလည်း တွေ့နေရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဆရာကြီးအနေနဲ့ အကြံပြုစကားလေး ပြောပေးပါဦးရှင့်။

**ဖြေ။** အကယ်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ရင် အောက်ဆီဂျင်မရှိမှာ စိုးရိမ်စိတ်နဲ့ ဝယ်ယူသိုလှောင်တာတွေ ရှိနေပါတယ်။ အပြစ်တော့ မဆိုသာပါဘူး။ စိတ်ချချင်တာကိုး။ ကိုဗစ်-၁၉ ဖြစ်လို့ အောက်ဆီဂျင်လိုပြီဟေ့ဆိုရင် ဆလင်ဒါ တစ်လုံး၊ နှစ်လုံးနဲ့ မလုံလောက်ပါဘူး။ ရောဂါတကယ်ဆိုးရင် အောက်ဆီဂျင် ဆလင်ဒါလီတာ ၄၀ အိုး တစ်ယောက်အတွက် တစ်နေ့စာအလုံး ၁၀-၂၀ ပေးရမှာပါ။ မသုံးဖြစ်ဘဲ သိမ်းထားတော့ တကယ်လိုအပ်သူတွေ အခက်တွေ့ကြရပါတယ်။ စဉ်းစားပေးနိုင်ကြပါလို့ ပြောချင်ပါတယ်။

**မေး။** ကိုဗစ်လူနာတွေက များနေတော့ လက်ရှိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရဲ့ အခက်အခဲလေးတွေရှိရင်လည်း ပြောပြပေးပါအုံးရှင့်။

**ဖြေ။** မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ ကိုဗစ်-၁၉ ရောဂါကုသဖို့ စက်ကိရိယာတွေရှိတယ်။ ကုသဆောင်တွေရှိတယ်။ ဆေးနဲ့ ဆေးပစ္စည်းကလည်း အခြေအနေသင့်တင့်တယ်။ အဓိက စိန်ခေါ်ချက် နှစ်ခုတော့ ရှိပါတယ်။ ဝန်ထမ်းအင်အား အကန့်အသတ်ပဲ ရှိနေတာရယ်နဲ့ အောက်ဆီဂျင် မပြတ်ဖို့ရယ်ပါပဲ။ အခုဆို အောက်ဆီဂျင်က အရင်နဲ့စာရင် အဆင်ပြေလာစပြုနေပြီလို့ ပြောလို့ရပါတယ်။ အောက်ဆီဂျင်ရှိလို့ လူနာတွေ တိုးလက်ခံမယ်။ ကုသဆောင်တွေ တိုးဖွင့်မယ်ဆိုရင် ကျွမ်းကျင်ဝန်ထမ်းအင်အား တစ်ရပ် တာဝန်ချထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကိုလည်း တာဝန်ရှိသူတွေက နည်းလမ်းပေါင်းစုံနဲ့ ကျော်လွှားနိုင်အောင် ကြိုးပမ်းနေကြပါတယ်။

**မေး။** ရုတ်တရက် ကိုဗစ်ဝေဒနာရှင် တစ်ဦး အသက်အန္တရာယ် စိုးရိမ်ရတဲ့အထိ အောက်ဆီဂျင် Level မကျအောင် ဘယ်လိုကုသမှု ခံယူသင့်တယ်ဆိုတာလေးလည်း ပြောပေးပါဦးရှင့်။

**ဖြေ။** လက်ရှိ ကိုဗစ်ဝေဒနာရှင်တွေ ရင်ဆိုင်နေရတာက သွေးထဲ အောက်ဆီဂျင် ပါဝင်မှုနှုန်း လျော့နည်းကျဆင်းတဲ့ ပြဿနာပါပဲ။ အကယ်၍ အောက်ဆီဂျင် ၉၂ ရာခိုင်နှုန်းအောက်ကျရင် ကုသမှု ခံယူသင့်ပါပြီ။ ပြီးတော့ အောက်ဆီဂျင်ကို သတ်မှတ်နည်းလမ်းနဲ့ ပေးရမှာ ဖြစ်ပါတယ်။ အလွန်အမင်းမကျအောင် ထိန်းထားပြီး လိုအပ်သလို ကုသမှုပေးရတာပါ။ အောက်ဆီဂျင် ရုတ်တရက် ကျဆင်းရင် အသက်အန္တရာယ်ရှိပါတယ်။ ဆေးပညာကျွမ်းကျင်သူရဲ့ အကူအညီ လိုအပ်ပါတယ်။

**မေး။** လူနာတချို့က ကိုဗစ်ရောဂါပိုး မရှိပေမယ့် ဖျားတာ၊ အသက်ရှူကျပ်တာ၊ မောတာတွေ ဖြစ်နေတာတွေလည်း တွေ့နေရတာတွေ ရှိပါတယ်။ အဲဒါတွေက ဘာကြောင့် အဲလိုဖြစ်ပြီး။ အဲလိုလူနာမျိုးဆိုရင် ဘယ်လိုနေထိုင်သင့်ပါသလဲရှင့်။

**ဖြေ။** လူတော်တော်များများက ဖျားရင်၊ အသက်ရှူမဝရင် ကိုဗစ်-၁၉ ရောဂါလို့ စိုးရိမ်တတ်ကြပါတယ်။ အခုတလော ကိုဗစ်ရောဂါအပြင် ရာသီတုပ်ကွေးတွေ ဖြစ်နေတာတွေ ရှိပါတယ်။ မိုးများလာရင် သွေးလွန်တုပ်ကွေးလည်း ခေါင်းထောင်လာနိုင်ပါတယ်။ ဒါတွေဟာ ဗိုင်းရပ်စ်ပိုးမွှားတွေကြောင့် ဖြစ်တာပါ။ အဲဒါတွေဖြစ်ခဲ့ရင် အာဟာရဖြစ်တာတွေ စားသုံး၊ အိပ်ရေးဝဝအိပ်၊ လုံလောက်အောင်အနားယူ၊ စနစ်တကျနှာခေါင်းစည်းတပ်၊ ကျန်းမာရေးနှင့် ညီညွတ်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ အလေ့အထတွေကို ကျင့်သုံး၊ လူစုလူဝေးကို ဖြစ်နိုင်သမျှရှောင်၊ စနစ်တကျလက်ဆေး၊ လူနေမှုပုံသစ်အတိုင်း နေထိုင်ခြင်း စသည်တို့ကို လိုက်နာနေထိုင်ရင် ကိုဗစ်အပါအဝင် ဗိုင်းရပ်စ်ပိုးတွေကြောင့် ဖြစ်ပွားတဲ့ အသက်ရှူလမ်းကြောင်းရောဂါတွေကို ထိထိရောက်ရောက် ကာကွယ်နိုင်ပါတယ်။ ဖြစ်ပွားခဲ့ရင်တော့ ဆေးပညာကျွမ်းကျင်သူနဲ့ စောနိုင်သမျှစောစော ထိထိရောက်ရောက်ကုသမှု ခံယူသင့်ပါတယ်။

**မေး။** ဆရာကြီးအနေနဲ့ ပြည်သူတွေသိအောင် ဘာများဖြည့်စွက် ပြောချင်ပါသေးသလဲရှင့်။

**ဖြေ။** ကျွန်တော့်အနေနဲ့ ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက ရောဂါမဖြစ်အောင် သတိတော့ ကြီးကြီးထားပါ။ သို့သော် အစိုးရိမ်မလွန်ဖို့၊ အကြောက်မလွန်ဖို့ မေတ္တာရပ်ခံချင်ပါတယ်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များ၌ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံများမှာ မဟာအောင်မြေမြို့နယ်တွင် သိပ္ပံလမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား မြို့တော်ဆေးရုံရှိ အောက်ဆီဂျင်စက်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၇၇ လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းကြားရှိ မန်းရှင်း ခတ်ငွေ့စက်ရုံ၊ ၁၇၁ လမ်းနှင့် ၁၇၂ လမ်းကြား တံခွန်တိုင်ရပ်ကွက်ရှိ ရတနာပုံ အောက်ဆီဂျင်စက်ရုံ၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြား (စျ)ရပ်ကွက်ရှိ စိန်စွန်ညို အောက်ဆီဂျင်စက်ရုံ၊ အမရပူရမြို့နယ် မြစ်ငယ်မြို့ရှိ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ ပုသိမ်ကြီးမြို့နယ်တွင် အောင်ချမ်းသာကျေးရွာရှိ အာကာမိုး အောက်ဆီဂျင် စက်ရုံတို့ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအဖြစ် ကိုဗစ်-၁၉ ရောဂါနှင့်သက်ဆိုင်သည့် ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်ခြင်း၊ ပြည်ပပြန်များအား အသွားအလာကန့်သတ်ထားရှိစစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့အတည်ပြုသူများနှင့် ထိတွေ့သူ(Contact)များ ရှာဖွေဖော်ထုတ်၍ သီးခြားထားရှိ စစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့အတည်ပြုလူနာများအား ရောဂါပြင်းထန်မှုအဆင့်အတန်းများ ခွဲခြား၍ သက်ဆိုင်ရာဆေးရုံများနှင့် ကုသရေးဌာနများသို့ လွှဲပို့ကုသခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# လာအိုနိုင်ငံရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၄၀၀ ကျော် နေရပ်ပြန်နိုင်ရေး မြန်မာ-လာအို နှစ်နိုင်ငံ တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၈**

လာအိုနိုင်ငံတွင် ရောက်ရှိနေသော အခက်အခဲများနှင့် ကြုံတွေ့နေရကာ နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမား ၄၀၀ ကျော် နေရပ်ပြန်နိုင်ရေး မြန်မာနှင့် လာအိုနှစ်နိုင်ငံမှ တာဝန်ရှိသူများသည် ယနေ့နံနက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်းတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခက်အခဲများကြုံတွေ့နေရပြီး နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမားများကို ကျိုင်းတုံမြို့ ဝစီပိတ်ဆရာတော်၏ ကူညီစောင့်ရှောက်ဦးဆောင်စီမံမှုဖြင့် ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းမင်းထွန်း၊ တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ လာအိုနိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကာ နေရပ်ပြန်လိုသည့် မြန်မာအလုပ်သမားများ အဆင်ပြေစွာ ပြန်လည်ရောက်ရှိရေးနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

၎င်းနေရပ်ပြန်လိုသူများကို ဇူလိုင် ၃၀ ရက်နှင့် ဩဂုတ် ၁ ရက်တို့တွင် နှစ်သုတ်ခွဲ၍ ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နေရပ်ပြန်လိုသူ ၄၅၀ ကျော်ရှိပြီး ဆက်လက်၍ အခက်အခဲများနှင့် ကြုံတွေ့နေရသော နေရပ်ပြန်လိုသည့် အလုပ်သမားများကို ပြန်လည်ခေါ်ယူပြီး ယင်းတို့၏ နေရပ်တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ နေရပ်ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပြီး ကိုဗစ်-၁၉ ပိုးတွေ့လူနာများကို ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် ထားရှိနိုင်ရန် ကြိုတင်စီစဉ်မှုများကို ဆောင်ရွက်ထားပြီးကြောင်း၊ ပိုးကင်းစင်သူများကို နေရပ်သို့ ချက်ချင်းပြန်လည်ပို့ဆောင်ပေးရန် မော်တော်ယာဉ်များကိုလည်း စီစဉ်ထားပြီဖြစ်ကြောင်း သိရသည်။



ထို့နောက်မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ နေရပ်ပြန်လိုသူများအား ကူညီစောင့်ရှောက်မှုပေးနိုင်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးပြီး အလုပ်သမားတစ်ဦးလျှင် ထိုင်းဘတ် ၄၅၀ တန်ဖိုးရှိ ၃၀၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ငါးသေတ္တာဘူး စသည့်အခြေခံစားကုန်များကို လာအိုနိုင်ငံမှ တာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါလက္ခဏာ ခံစားနေရပြီဆိုရင် စိုးရိမ်ပူပန်တတ်တဲ့ စိတ်တွေမဖြစ်ဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေမဖြစ်ဖို့ အများကြီးအရေးကြီးပါတယ်

## ဒေါက်တာစိုးစိုးနိုင်

**ပွင့်ဖြူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင်နှင့် ဇူလိုင် ၂၆ ရက်က တွေ့ဆုံမေးမြန်းထားပါသည်။**

**တွေ့ဆုံမေးမြန်း - ဒေါ်ခင်ဝါဝါလှိုင်(မြို့နယ်ပြန်/ဆက်)**
**သတင်းဓာတ်ပုံ - ရဲဝင်းနိုင်(ညောင်ဦး)**

**မေး။ ။ ကိုဗစ်-၁၉ ရောဂါ လူနာတွေအနေနဲ့ ဘယ်လိုနေထိုင် စားသောက်သင့်ပါသလဲရှင့်။**

**ဖြေ။** ။ ဒါက အရေးကြီးပါတယ်။ ကိုဗစ်-၁၉ ရောဂါလက္ခဏာ ခံစားနေရပြီဆိုရင် နံပါတ်(၁) စိုးရိမ်ပူပန်တတ်တဲ့ စိတ်တွေမဖြစ်ဖို့ လိုပါတယ်။ တစ်နည်းအားဖြင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေမဖြစ်ဖို့ အများကြီးအရေးကြီးပါတယ်။ နံပါတ်(၂) ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေ စားဖို့လိုပါမယ်။ နံပါတ်(၃) အားရှိဖို့အတွက် အိမ်ရေးဝဝအိပ်ဖို့ လိုပါမယ်။ ဒါ့အပြင် သင့်တင့်မျှတတဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ လုပ်ပေးမယ်ဆိုရင် ကျန်းမာဖို့အတွက် လိုက်လျောညီထွေရှိလာပြီးတော့ အချိန်တိုအတွင်းမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

**မေး။ ။ ပွင့်ဖြူမြို့ပေါ်ရပ်ကွက်တွေနဲ့ ကျေးရွာတွေက ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါဖြစ်လာပြီဆိုရင် ဘယ်လိုဆက်သွယ်ပြီး အကူအညီရယူဆောင်ရွက်သင့်ပါသလဲ။**

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာနဲ့ ပတ်သက်လို့ တွေ့ကြုံလာပြီဆိုရင် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနဲ့ သက်ဆိုင်ရာ ကျန်းမာရေးဌာနတွေကို အရင်ဆုံး ချိတ်ဆက်ပြီးတော့ သတင်းပေးပို့ဖို့ လိုအပ်ပါမယ်။ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေနဲ့ ကျန်းမာရေးဌာနတွေက ဆက်လက်သတင်းပေးပို့လာမှုအပေါ်မှာ ကျွန်တော်တို့ မြို့နယ်ကျန်းမာရေးဌာနနဲ့ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတွေ ပေါင်းစပ်ပြီးတော့ စစ်ဆေးဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ စိုးရိမ်ရတဲ့ အခြေအနေ ရှိ၊ မရှိ ဘယ်လိုသတ်မှတ်ပါသလဲရှင့်။**

**ဖြေ။** ။ ဒီရောဂါဟာ လက္ခဏာမျိုးစုံရှိပါတယ်။ အဓိကတော့ လူနာဟာဖျားလည်းဖျားမယ်။ အသက်ရှူရတာလည်း ခက်မယ်။ သွေးထဲ အောက်ဆီဂျင်ဓာတ်တွေ စစ်ဆေးလိုက်လို့ အောက်ဆီဂျင်ဓာတ်တွေ ကျလာမယ်ဆိုရင်တော့ အရေးကြီးလူနာအနေနဲ့ လိုအပ်တဲ့ ကုသမှုတွေ ဆောင်ရွက်ပေးဖို့လိုပါမယ်။

**မေး။ ။ အတည်ပြုလူနာတွေအတွက် အောက်ဆီဂျင်လုံလောက်အောင် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲ။**

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာတွေအတွက် အောက်ဆီဂျင်အခက်အခဲမဖြစ်အောင် လက်ရှိဆေးရုံမှာလည်း လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံး၊ ၁၅ လီတာဆံ့ အောက်ဆီဂျင်အိုးသေး ငါးလုံး၊ နောက်ထပ် အောက်ဆီဂျင်စက်အနေနဲ့ နှစ်လုံးရှိပါတယ်။ ဒါ့အပြင် လူနာတွေအတွက် လိုအပ်လာပါက အသုံးပြုနိုင်အောင် မြို့နယ်က ပရဟိတအသင်းတွေမှာရှိတဲ့ အောက်ဆီဂျင်အိုးတွေ သုံးစွဲနိုင်အောင် ချိတ်ဆက်စီစဉ် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

**မေး။ ။ ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံမှာ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာတွေကို ဆေးကုသပေးနေတဲ့ အခြေအနေကိုလည်း သိပါရစေရှင့်။**

**ဖြေ။** ။ မြို့နယ်အဆင့် ဆေးရုံဖြစ်တဲ့အတွက် အရေးကြီးလူနာတွေအတွက် ကုသပေးနိုင်ဖို့ ခုတင်ရှစ်လုံး ကြိုတင်စီစဉ်ဆောင်ရွက်ထားပါတယ်။ လူနာတွေအတွက် လိုအပ်တဲ့အောက်ဆီဂျင် အသုံးပြုနိုင်အောင်လည်း အောက်ဆီဂျင်ပိုက်လိုင်းနဲ့ အောက်ဆီဂျင်စက်တွေကို ချက်ချင်းဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

**မေး။ ။ ကာကွယ်ဆေးထိုးဖို့ကျန်ရှိနေတဲ့သူတွေကို ထိုးနှံဖို့အတွက် ဘယ်လိုစီစဉ်ထားရှိပါသလဲ။ ဘယ်အချိန်မှာ ထိုးနှံပေးသွားဖို့ရှိပါသလဲ။**

**ဖြေ။** ။ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို



ဒေါက်တာစိုးစိုးနိုင်

တော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေလတွေမှာ ထိုးနှံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုဆက်လက်ပြီးတော့လည်း ရရှိလာမယ့် ကာကွယ်ဆေးအပေါ်မှာမူတည်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူအတိုင်း ဦးစားပေးအုပ်စုတွေနဲ့ ခွဲပြီးတော့ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ရောဂါလူနာတွေကျန်းမာရေး ကောင်းမွန်လို့ ဆေးရုံကဆင်းလာပြီဆိုရင် ဘယ်လိုနေထိုင်စားသောက်ရပါမလဲ။**

**ဖြေ။** ။ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာတွေကို ကျန်းမာရေးကောင်းမွန်ပြီး သတ်မှတ်ရက်ပြည့်သွားလို့ ဆေးရုံက ဆင်းခွင့်ပေးတဲ့အခါမှာ အိမ်ပြန်ရောက်တဲ့အခါ မိမိတို့ရဲ့နေအိမ်မှာ အနည်းဆုံးတစ်ပတ်လောက် သီးသန့်နေထိုင်ပြီးတော့ အာဟာရပြည့်ဝမယ့် အစားအစာတွေကို စားသောက်ဖို့လိုပါမယ်။ ကြိုတင်ကာကွယ်မှုအနေနဲ့ အသွားအလာကန့်သတ်မှုတွေ လုပ်ဆောင်သွားဖို့ လိုပါမယ်။ အဲဒီအတွက်လည်း ကိုဗစ်ပိုးတွေ့လူနာတွေ ကျန်းမာရေးကောင်းမွန်လို့ ဆေးရုံဆင်းခွင့်ပြုလိုက်တဲ့အချိန်မှာ ဘယ်လိုတွေ နေထိုင်ရမလဲဆိုတဲ့ ကျန်းမာရေးဌာနက ညွှန်ကြားတဲ့စည်းကမ်းချက်တွေ၊ ပညာပေးစာစောင်တွေကို တစ်ပါတည်း ထည့်ပေးလိုက်တာဖြစ်ပါတယ်။ စနစ်တကျ နေထိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။

**မေး။ ။ နို့တိုက်မိခင်တွေအတွက် ကိုဗစ်-၁၉ ရောဂါအန္တရာယ် ကင်းဝေးအောင် ကာကွယ်ဆေးထိုးလို့ ရ၊ မရ သိပါရစေရှင့်။**

**ဖြေ။** ။ နို့တိုက်မိခင်တွေအတွက် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကင်းဝေးဖို့ ကာကွယ်ဆေးထိုးလို့ ရ၊ မရနဲ့ ပတ်သက်ပြီးတော့ တချို့ကိုဗစ်ကာကွယ်ဆေးတွေက ထိုးလို့ရတာတွေရှိပြီး တချို့ကာကွယ်ဆေးက ထိုးလို့မရတာတွေ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ နို့တိုက်မိခင်တွေကိုတော့ ကာကွယ်ဆေးထိုးလို့ရတဲ့ ဆေးတွေ ရရှိလာတဲ့အပေါ်မှာ မူတည်ပြီး ထိုးနှံနိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြား လိုတာရှိရင် ပြောကြားပေးပါဦးရှင့်။**

**ဖြေ။** ။ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Stay at Home မြို့နယ်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်တာကြောင့် ကြိုတင်ကာကွယ်ထိန်းချုပ်ရေး အပိုင်းဟာ အရေးကြီးတဲ့အပိုင်းကို ရောက်လာပါပြီ။ အဲဒါကြောင့် ပြည်သူတစ်ဦးချင်းစီက အသိ၊ သတိလေးထားပြီးတော့ မလိုအပ်ဘဲ အပြင်မထွက်ကြပါနဲ့။ တကယ်လို့မဖြစ်မနေ အပြင်သွားလာရပါက ပါးစပ်နှာခေါင်းစည်း၊ မျက်နှာအကာတွေ မဖြစ်မနေ တပ်ဆင်သွားလာကြပါ။ တစ်ဦးချင်းစီက ကြိုတင်ကာကွယ်ထိန်းချုပ်သွားမှသာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို အောင်မြင်စွာနဲ့ ထိန်းချုပ်သွားနိုင်မှာဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

# ကောလင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်

**ကောလင်း ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်အတွက် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ညောင်ပင်သာကျေးရွာ ကော်မတီဝင်များမှတစ်ဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း ၁၁၆ ဦး၏ လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများအတိုင်း ဆောင်ရွက်ခဲ့ကြောင်း၊ ညောင်ပင်သာကျေးရွာမှာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာဖြစ်ပြီး ယခုရန်ပုံငွေထုတ်ချေးခြင်းသည် ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ညောင်ရွှေမြို့နယ်၌ မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသန္ဒားမ လွှဲပြောင်းပေးအပ်

**ညောင်ရွှေ ဇူလိုင် ၂၈**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဒေသန္ဒားမ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ညောင်ရွှေမြို့နယ် နောင်တောကျေးရွာအုပ်စု မဈှိမလွယ်ခေါ်ကျေးရွာ၌ ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဒေသခံတောင်သူများသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဒေသန္ဒားမများကို မြို့နယ်မွေးမြူရေးဘဏ်စနစ်ကြီးကြပ်မှုကော်မတီမှ မဈှိမလွယ်ခေါ်ကျေးရွာရှိ အိမ်ထောင်စု ၂၀ သို့ မွေးမြူရေးဘဏ်စနစ်ဖြင့် ကာကွယ်ဆေးထိုးနှံပြီးသည့် ဒေသန္ဒားမအကောင် ၂၀ ကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဒေသန္ဒားမအကောင် ၂၀ ၏ အစာလိုအပ်ချက်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် မွန်ဘားဆားမြက်မျိုး နှစ် ကီလိုဂရမ်ကို မြေတစ်ဧကပေါ်တွင် စိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါ ဒေသန္ဒားမ ဖြန့်ဖြူးခြင်းကို ဒေသတွင်း အသား၊ နို့ထုတ်လုပ်မှု ကောင်းမွန်ပြီး ပြည်ပဈေးကွက်ဝင်နွားမျိုးများ ပြန့်ပွားလာစေရန် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးထိခိုက်မှုများကို တစ်ဖက်တစ်လမ်းမှ ပြန်လည်ကုစားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မင်းထွန်းက ပြောသည်။

**နေမျိုးသူရိန်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၅၉ ဦးထပ်မံတွေ့ရှိ

**ဟန္နိုင်း ဇူလိုင် ၂၈**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၅၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၂၀၈၁၉ ဦးရှိလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၆၃၀ ရှိပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၅၁၁ ဦး ရောဂါမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၇၄၅၇ ဦး ရှိလာသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသန်း ဖြန့်ဖြူးထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**







# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၆၆၆၇ ဦးရှိလာ

**မနီလာ ဇူလိုင် ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၇၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၅၆၆၆၇ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၄၀၁ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၆၁၄၉ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၄၈၄၇၁၄ ဦးရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၁၅ သန်းကျော်အား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၆၁၄၇၆ ဦးရှိလာ

**ကွာလာလမ်ပူ ဇူလိုင် ၂၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၄၀၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၆၁၄၇၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၄၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၅၅၁ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၂၃၇၃ ဦး ရောဂါမှ ပြန်လည် သက်သာလာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည် ဆင်းသွားခဲ့ရာ ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၈၇၇၈၁၂ ဦးရှိပြီဖြစ်သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၂၀ ထပ်မံတွေ့ရှိ

**မော်စကို ဇူလိုင် ၂၈**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၄၂၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၁၉၅၂၃၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ ပြောကြားသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၉၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၆၁၇၈ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၅၇၉ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၅၄၇၅၂၉ ဦးရှိလာသည်။

**စစ်ဆေးမှုများ လုပ်ဆောင်ပြီး**

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၁၅၉ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ လုပ်ဆောင်ပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**





# အီကွေဒေါနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၈၅ ဦးရှိလာ

**ကီတို ဇူလိုင် ၂၈**

အီကွေဒေါနိုင်ငံတွင် လွန်ခဲ့သောရက်အနည်းငယ်အတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၅ ဦးကို တွေ့ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၈၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဇီမီနာ ဂါဇွန်က ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူများကို နိုင်ငံ၏ပြည်နယ်ခြောက်ခုတွင် ပြီးခဲ့သော သီတင်းပတ်က တွေ့ရှိရခြင်းဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများကို ထပ်မံတွေ့ရှိခဲ့ခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းကွန်ရက်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော ကူးစက်ရောဂါရှာဖွေရေး နည်းဗျူဟာ၏ ထိရောက်မှုကြောင့်ဖြစ်ကြောင်း အွန်လိုင်းမှ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

ယခုထပ်မံတွေ့ရှိသော ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၅ ဦးအနက် ၂၆ ဦးကို လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများရှိသည့် နိုင်ငံ၏တောင်ဘက်ပိုင်းရှိ အယ်လ်အိုရိုပြည်နယ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဂါဇွန်က ပြောကြားသည်။ နိုင်ငံအတွင်းရှိ အခြားပြည်နယ်ငါးခုတွင်မူ ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရမှုများ မရှိကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

■

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၅၃၃ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် ဇူလိုင် ၂၈**

ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၅၃၃ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၄၃၃၆၁ ဦး ရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါ စီမံခန့်ခွဲရေးအဖွဲ့က ယနေ့ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၃၃ ဦး ထပ်မံသေဆုံးသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၉၇ ဦးရှိလာကြောင်း အဆိုပါအဖွဲ့ကဆိုသည်။ မြို့တော်ဗန်ကောက်၌ ပြီးခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၉၇ ဦးကို တွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများနှင့် သေဆုံးမှုများမြင့်တက်လာသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးများဖြစ်လာခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိန်းချုပ်ရန်အတွက် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသော ဒေသများတွင် ကုသရေးဆေးရုံများကို ဖွင့်လှစ်ခဲ့ပြီး ရောဂါလက္ခဏာအနည်းငယ်သာပြသသော လူနာများကို ၎င်းတို့၏ နေအိမ်များတွင်သာ ခွဲခြားစောင့်ကြည့်မှုခံယူစေလျက်ရှိသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထိန်းချုပ်နိုင်ရန်အတွက် ဇူလိုင်လမှစတင်ပြီး ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းနှင့် အသွားအလာကန့်သတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၆ သန်းကျော်အား ထိုးနှံပေးနိုင်ခဲ့ပြီး နိုင်ငံသား ၃ ဒသမ ၇ သန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၇၉၁ ဦးထပ်မံတွေ့ရှိ

**ဂျကာတာ ဇူလိုင် ၂၈**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၇၇၉၁ ဦး တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၂၈၇၇၂၇ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါကြောင့် ၁၈၂၄ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၈၈၆၅၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၃၈၅၆ ဦးမှာ ဆေးရုံမှဆင်းသွားခဲ့သဖြင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၆၄၀၆၇၆ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ လူဦးရေထူထပ်သည့် ဂျာဗား ကျွန်းနှင့် ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ ဘာလီကျွန်း အပါအဝင် ဒေသအများအပြား၌ အသွားအလာကန့်သတ်မှုများကို အစိုးရက ချမှတ်ထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးစီးသူ ၁၉ ဒသမ ၁၀ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးသူ ၄၅ ဒသမ ၇၃ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀၀ စံချိန်တင်တွေ့ရှိ

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်လာခြင်းနှင့်အတူ ဂျပန်နိုင်ငံတစ်ဝန်း၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀၀ တွေ့ရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားချိန်မှစ၍ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက် အများဆုံးဖြစ်လာခဲ့သည်။

နိုင်ငံအတွင်း၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရန် ဝန်ကြီးချုပ်ဆူဂါက ကျန်းမာရေးဝန်ကြီး နိုရီဟီဆာ တာမူရာအပါအဝင် ဝန်ကြီးအဖွဲ့ကို တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံအတွင်းရှိ အခြားဒေသများသို့ ကူးစက်ပျံ့နှံ့သွားရာ ယခုလအစောပိုင်းက တစ်နိုင်ငံလုံး၌ နေ့စဉ်ရောဂါကူးစက်မှုနှုန်း ၂၀၀၀ အောက်သာရှိရာမှ ပြီးခဲ့သည့် သီတင်းတစ်ပတ်တွင် နေ့စဉ်ရောဂါကူးစက်မှုနှုန်း ၄၀၀၀ ကျော်၊ ဇူလိုင် ၂၂ ရက်တွင် ရောဂါကူးစက်မှုနှုန်း ၅၀၀၀ နှင့် ဇူလိုင် ၂၇ ရက်တွင် ရောဂါကူးစက်မှုနှုန်း ၇၀၀၀ စသည်ဖြင့် မြင့်တက်လာခဲ့သည်။

ထို့အပြင် တိုကျိုမြို့နှင့် အနီးတစ်ဝိုက်ရှိ ကာနာဂါဝါခရိုင်၌ ၁၀၅၁ ဦး၊ ဆိုင်တမာခရိုင်၌ ၈၇၀ နှင့် ချီဘာခရိုင်၌ ၅၇၇ ဦး စသည်ဖြင့် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ အသီးသီးကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျေတီ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၆ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် ဇူလိုင် ၂၈**

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၆၆ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၅၁၅၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၃၉ ဦးရှိလာပြီး လူနာ ၉၆၇ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် နိုင်ငံအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၇၆၉၂ ဦးရှိလာသည်။

နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၆ ဒသမ ၉၄ သန်း ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အော်ဗန်ဒိုင်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ဒယ်လ်တာနှင့် အယ်လ်ဖာဗီဇပြောင်းမျိုးကွဲများ ကူးစက်မှုမြင့်တက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် နိုင်ငံသားတိုင်း ပူးပေါင်းဆောင်ရွက်ခြင်းမပြုပါက နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ပိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၁၉၆၁၇၁၅၁၄ ဦး**

**သေဆုံးသူ**
**၄၁၉၆၇၇၄ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၇၇၈၁၆၁၈၃ ဦး**

# မိတ္ထီလာမြို့၌ ဗုံးခွဲသူ ဖမ်းဆီးရမိပြီး ဖောက်ခွဲရေးပစ္စည်းများအား ရွှေအုန်းပင်ဆိုင်မှ ရယူခဲ့ကြောင်းသိရ

နေပြည်တော် ဇူလိုင် ၂၈

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် ရည်ရွယ်၍ လူငယ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေပြီး အများပြည်သူလူထု သွားလာလှုပ်ရှားလျက်ရှိသည့် နေရာများကို မိုင်းထောင်တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များ၏ ပညာရေးကိုထိခိုက်စေရန် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်တိုက်ခိုက်ခြင်း၊ ဆရာ ဆရာများအား နှောင့်ယှက်တိုက်ခိုက်ခြင်းများကို လူသားချင်းစာနာထောက်ထားမှုမရှိဘဲ လုပ်ဆောင်လျက်ရှိသည်။

အောင်ချစ်ကိုသည် ဆက်စပ်တရားခံ ပိုင်ဇေ(ဖမ်းဆီးရမိ)ထံမှ ချိတ်ဆက်၍ လက်လုပ်သေနတ်နှစ်လက်အား ရယူခဲ့ကြောင်း သိရသည်။

တရားခံ အောင်ချစ်ကိုသည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်မှုများကြောင့် မေ ၁၈ ရက်တွင် ပုဒ်မ-၅၀၅(က) ဖြင့် အမှုဖွင့်လှစ်ခံထားရပြီး ဆက်စပ်တရားခံ ဇင်မင်းဖြိုး(ဖမ်းဆီးရန်ကျန်)၏ စေခိုင်းချက်အရ TNLA အကြမ်းဖက်သောင်းကျန်းသူများ လှုပ်ရှားလျက်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခွန်ကော်အုပ်စု အုန်အီးကျေးရွာတွင် မေ ၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သော ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တက်ရောက်ခဲ့ပြီး သင်တန်းမှပြန်လည်



တရားခံ အောင်ချစ်ကို



တရားခံ သိန်းသိန်းအိ(ခ)ကုလားမ



တရားခံ ပြည်သူ



တရားခံ စိုးနိုဘယ်

## ဖမ်းဆီးရမိ

ထိုသို့လုပ်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းများကို အကြမ်းဖက် PDF သင်တန်းဆင်းလာသူ အောင်ချစ်ကိုထံသို့ ပေးပို့နေသည့် သိန်းသိန်းအိ(ခ)ကုလားမအား ဇူလိုင် ၂၆ ရက် ညပိုင်းတွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် သာယာကုန်း (၂) နယ်မြေရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံသိန်းသိန်းအိ(ခ)ကုလားမ၏ ထွက်ဆိုချက်အရ TNLA အကြမ်းဖက်သောင်းကျန်းသူနယ်မြေတွင် ဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီး မိတ္ထီလာမြို့သို့ ပြန်လည်ရောက်ရှိနေသည့် အောင်ချစ်ကိုအား ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ၎င်းတိမ်းရှောင်နေထိုင်သည့် မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် အင်းဝဘဏ်လမ်းရှိ 7 Star ကုန်မာဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံအားလက်ခံထားရှိသည့် 7 Star ကုန်မာဆိုင်ပိုင်ရှင် ပြည်သူနှင့် ဇနီးဖြစ်သူ စိုးနိုဘယ်တို့အား နံနက်ပိုင်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ပြည်သူ၏ ထွက်ဆိုချက်အရ အောင်ချစ်ကို အပ်နှံထားသည့် လက်လုပ်သေနတ် နှစ်လက်အား လပ်ကီးစတားကုန်မာဆိုင်ခွဲမှ ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

တရားခံ အောင်ချစ်ကို၏ ထွက်ဆိုချက်အရ ဧပြီ ၂၇ ရက်က သူရိန်စိုးနှင့်အတူ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးကိုလည်းကောင်း၊ ဈေးအရှေ့ပြင်ရပ်ကွက်ရှိ မြို့နယ်လဝကရုံးကိုလည်းကောင်း လက်လုပ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မေ ၆ ရက်က သူရိန်စိုး၊ ထင်လင်း၊ ဝေမှူး၊ ခိုင်မြဲဇော်၊ တရုတ်လေး၊ ကျော်ဇင်ဟန်၊ ပန်ချာ၊ ထက်ဝေယံတို့နှင့်အတူ မိတ္ထီလာမြို့နယ် ကျွဲတလင်းအုပ်စု မယ်ဇလီပင်ကျေးရွာရှိ အမက(၃၀)ကျောင်း၌ ဆရာ ဆရာမများက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်နေစဉ် အစည်းအဝေးပျက်ပြားစေရန်နှင့် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိစေရန် ရည်ရွယ်၍ ကျောင်းဝင်းအတွင်းသို့ လေးခွများဖြင့် ပစ်ခြင်း၊ ကျောင်းဝင်းအတွင်းဝင်ရောက်၍ ဆရာ ဆရာမများ၏ ဆိုင်ကယ်သုံးစီးအား မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ကြောင်း၊ မေ ၇ ရက်က သီရိမင်္ဂလာရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံးအတွင်း ဝင်ရောက်၍ ဆရာ ဆရာမများ၏ ဆိုင်ကယ်ခြောက်စီးအား ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခြင်းများတွင် ပါဝင်ခဲ့ကြောင်း သိရှိရပြီး ထိုသို့ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသုံးပြုသည့် လက်လုပ်မိုင်းများအား ဇွန် ၆ ရက်က ရွှေအုန်းပင်ထမင်းဆိုင်၌ လက်လုပ်မိုင်းများပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သော တရားခံစိုးရန်နိုင်ထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိတ္ထီလာမြို့ပေါ်တွင် အဖျက်လုပ်ငန်းနှင့် အပြစ်မဲ့ပြည်သူများအား ပစ်ခတ်လုပ်ကြံမှုများပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တရားခံ




တရားခံအောင်ချစ်ကိုနှင့် အကြမ်းဖက်သူများက မေ ၇ ရက်တွင် မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက် ခရိုင်ပညာရေးမှူးရုံးဝင်းအတွင်း ရပ်ထားသည့် ဆိုင်ကယ်များကို ဓာတ်ဆီလောင်း မီးရှို့ဖျက်ဆီးခဲ့သည့် CCTV မှတ်တမ်းဓာတ်ပုံ။

ရောက်ရှိချိန်တွင် အခြားသူများကိုလည်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် စည်းရုံးချိတ်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

တရားခံ ပြည်သူနှင့် ဇနီးဖြစ်သူ စိုးနိုဘယ်တို့သည် တရားဥပဒေနှင့်မညီသည့် ပြစ်မှုများကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်များ လက်ဝယ်ထားရှိသူ၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်သူ တရားခံ အောင်ချစ်ကိုအား အားပေးအားမြှောက်ပြုခြင်း၊ ဥပဒေမှလွတ်မြောက်စေရေး အကာအကွယ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ တရားခံ သိန်းသိန်းအိ(ခ)ကုလားမသည် အဖျက်အမှောင့်လုပ်ငန်းများအား ကြိုတင်တားဆီးနိုင်ရေး လုံခြုံရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား မျက်ခြည်မပြတ် စောင့်ကြည့်ကာ အကြမ်းဖက်သမားများက အလစ်အငိုက်တိုက်ခိုက်မှု ပြုလုပ်နိုင်ရေး တရားခံ အောင်ချစ်ကိုထံ သတင်းများပေးပို့လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် တရားခံလေးဦးအား ကြိုတင်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သက်ဆိုင်ရာမှ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၇-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် |
| ၀၉:၃၀ | NHK Program 'အက်တစ်ဇေယားကိုလေ့လာခြင်း' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၄၀ | ပြည်သူ့နီတိ 'စေတနာ' |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်' |
| ၁၆:၃၅ | မျက်မှောက်ရေးရာအပြာပြာ |
| ၁၇:၀၅ | Soccer View |
| ၁၇:၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၃၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၄၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'အတ္တဝါအလှထာဝရတည်ဝေ' (အပိုင်း-၂) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1) |
| 08:01 | Come Beat Eggs For Fun & Reward |
| 08:23 | Five Sets of Drum Orchestra |
| 09:01 | LMS BOWL |
| 09:20 | Strolling Along A Memory Link - U Pein Bridge |
| 09:39 | Products of Myanmar - Shin Ma Taung Thanakhar |
| 09:55 | The Art of Making Paper Toys |
| 10:31 | Chinlone and the dreams of the player |
| 10:46 | Tray Art Products |
| 10:56 | Golden Mandalay Hill |
| 11:11 | Equestrian Contest on Pa-O Land |
| 11:22 | Gardener of Royal Thazin Floral |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကော်ကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၄)(ဇာတ်သိမ်းပိုင်း)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
လျှာလည်သွားစေမည့်ခရုသုပ်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်စိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိနိမ့်တောင်

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
တစေးပြုလုပ်ခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မုဗွန်အိုးလုပ်ငန်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁၁)

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၆) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME


www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။




COVID-19 ကိုဗစ်ဟာ အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေပါတယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများမှာ ပိုမိုစိုးရိမ်ရပါတယ်။အဘိုးအဘွားများအိမ်မှာပဲနေပါ။ မိသားစုဝင်တွေကတော့အဘိုးအဘွားတို့နဲ့ထိတွေ့ဆက်ဆံရာမှာ မိမိကိုယ်တိုင် သန့်ရှင်းရေးဦးစားပေးပြီး သတိထား ထိတွေ့ပေးကြပါ။ မိသားစုဝင်မဟုတ်သူများကို အိမ်တွင်း မဝင်ပါစေနှင့်။




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# အတိတ်သမိုင်းက ဆိုးမွေကို မျက်မှောက်သမိုင်းတွင် မပါစေလို

စံထိပ်ထားနိုင်

**(ယမန်နေ့မှ အဆက်)**

ထိုအချိန်ကာလက ရဲဘော်ဖြူများသည် ကျောက်ပန်းတောင်း၊ ညောင်ဦး၊ တောင်သာ၊ မိတ္ထီလာတစ်ခွင် စိုးမိုးထားသည့် အချိန်လည်း ဖြစ်သည်။ ရဲဘော်ဖြူများသည် ပုပ္ပားတောင်ကိုပါ သိမ်းထားသည်။ ထိုစဉ်က ပုပ္ပားတောင် ပြန်လည်သိမ်းယူရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်နှင့် ပုပ္ပားတောင်ကလပ်ပေါ် တက်ရင်း တွေ့ကြုံခဲ့ရပုံကို ဖတ်ရှုရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ပုပ္ပားတောင်ကလပ်ပေါ်တွင် လေကတဝူးဝူး၊ တောင်ကလပ်ပေါ်က စေတီလေးတစ်ဆူရှိနေသည်။ စေတီကို လက်ယာရစ်ပတ်နိုင်လျှင် မိခင်၏ နို့တစ်လုံးဖိုး ကျေသည်ဟု ဆိုကြသည်။ ရဲဘော်များက စာရေးသူတို့ပတ်နိုင်မလား သိချင်စိတ်များနေသည်။ မိခင်ကျေးဇူး နို့တစ်လုံးကျေမည်ဆိုသည့်အတွက် ကိုယ်တိုင်ကလည်း စေတီကိုပတ်တာနှင့် ကျေသည်ဆိုသည့် ယုံကြည်မှုရှိနေသည်။ စာရေးသူ ခြောက်တန်းနှစ်ကပင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြသည့် မိဘနှစ်ပါးဂုဏ်ကျေးဇူးကို ရည်မှန်းကာ ပတ်ချင်သည့်စိတ်က ကြီးစိုးနေသည်။ ချောက်ကြီးနှင့် လေကတဝူးဝူးတိုက်နေသည့်အပြင် ပတ်လျှောက်ရန် ခြေတစ်ဖဝါးတစ်လွှာစာသာ ရှိနေသည်။ သို့သော် စေတီလေးကို အားပြုဖက်ပြီး ပတ်ခဲ့သည်။ အမိ၊ အဖ ကျေးဇူးကို ရည်မှန်း၍ အဓိဋ္ဌာန်ပြု၍ လက်ယာရစ်တစ်ပတ် ပတ်နိုင်ခဲ့သည်ကို ဖတ်ရှုရသည်မှာ စာရေးသူ၏ မိဘအပေါ် တန်ဖိုးထားချစ်ခင်စိတ်ကိုပါ သိမြင်ခံစားရသည်။

**“မ” သုံးလုံး နယ်မြေများ တပ်မတော်က စိုးမိုးထား**

စာအုပ်တွင် စာရေးသူသည် တာဝန်များဖြင့် ဟိုမှသည် သည်မှဟို အလီလီပြောင်းရွှေ့ထမ်းဆောင်နေရသည်ကို လေ့လာဖတ်ရှုရသည်။ “မ” သုံးလုံးဒေသတွင် ဗကပဗဟို၏ အချက်အချာကျသည့်နေရာများကို တပ်မတော်က တိုက်ခိုက်မှုများကြောင့် ဗကပတို့သည် ပဲခူးရိုးမသို့ အခြေခံရန် ဖြစ်လာတော့သည်။ “မ” သုံးလုံး နယ်မြေများရှိ ကျေးရွာများကိုပါ တပ်မတော်က စိုးမိုးထားနိုင်သည့် အခြေအနေဖြစ်သည်။ ထို့ကြောင့် တခြားတပ်ရင်းများသို့ စစ်ဆင်ရေးနယ်မြေအား လွှဲအပ်ခဲ့ပြီး တရုတ်ကူမင်တန်တပ်များကို တိုက်ခိုက်ရမည့် အထူးစစ်ဆင်ရေးအတွက် စာရေးသူတို့ တပ်ရင်းတစ်ခုလုံး တောင်ကြီးမြို့သို့ ပြောင်းရွှေ့ခဲ့ကြရကြောင်း ဖော်ပြထားသည်။

တောင်ကြီးမြို့သို့ရောက်ရှိသည့်အခါ ကျိုင်းခမ်း ရှမ်းရွာများရှိသည့် ဒေသသို့ ထပ်မံပြောင်းရွှေ့ခဲ့ရသည်။ တာဝန်နှင့် တိုက်ရမည့် ရန်သူများသည် တရုတ်ဖြူများပင်။ ထိုအချိန်က တရုတ်ပြည်မကြီးတွင်ကွန်မြူနစ်မော်စီတုံး ပြည်သူ့တပ်များ ပေါ်လာပြီး တရုတ်ဖြူ ကူမင်တန်တပ်များနှင့် နင်လားငါလား တိုက်ကြသည်။ တရုတ်ပြည် ကွန်မြူနစ်ပါတီတပ်များသည် လူထု၏ ထောက်ခံမှုကြောင့် တရုတ်ဖြူတပ်များ တရုတ်ပြည်မကြီးတွင် မရပ်တည်နိုင်ဘဲ ချန်ကေရှိတ် စစ်သူကြီး ဦးဆောင်ကာ တရုတ်ပြည် ဖော်မိုဆာကျွန်းကြီးသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။

တရုတ်ဖြူတို့၏ ရေရှည်စီမံချက်အရ တစ်နေ့ တရုတ်ပြည်မကြီးအား ပြန်တိုက်ရန် မြန်မာနိုင်ငံတွင် တတ်နိုင်သမျှ ခြေကုပ်ယူရန်ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်နယ်တစ်ခွင်တွင် လှုပ်ရှားစည်းရုံးကာ စီးပွားရေးပါ လုပ်ဆောင်နေသည်။ ထိုအချိန်က ဖဆပလအစိုးရက တပ်မတော်ကို တရုတ်ဖြူများ တိုက်ထုတ်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံးကို တာဝန်ပေးသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံးက တရုတ်ဖြူတပ်များ ရှမ်းပြည်တစ်ခွင် ဝင်ရောက်သောင်းကျန်းလာမှုကို မောင်းထုတ်ရန် စာရေးသူ (ဗိုလ်မှူးချုပ်သန်းတင်)တို့ အပါအဝင် တပ်ရင်းသုံးရင်းကို တာဝန်ပေးခဲ့ကြောင်း သိရှိရသည်။ ထို့အတွက် နဂါးနိုင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့သည်။ ထို့အတူ ရန်ကြီးအောင်စစ်ဆင်ရေးဖြင့် တရုတ်ဖြူများကို တိုက်ခိုက်ခဲ့သည်။

ဤကဲ့သို့ တရုတ်ဖြူများကို မြန်မာ့မြေပေါ်မှ တိုက်ခိုက်နှင်ထုတ်သည့် စစ်ဆင်ရေးတွင် စိတ်ရောကိုယ်ပါနှစ်မြှုပ်၍ ပါဝင်ထမ်းဆောင်ခဲ့ပုံမှာ တပ်မတော်သားတစ်ဦး၏ နိုင်ငံချစ်စိတ်ကို ပေါ်လွင်စေသည်။ ဗိုလ်မှူးချုပ်သန်းတင်သည် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် နိုင်ငံအတွင်း လှည့်လည်ထမ်းဆောင်ရင်း ရောက်ရှိသည့်နေရာတိုင်းတွင် သောင်းကျန်းသူများကို တိုက်ခိုက်သည့် အဖြစ်အပျက်များကို ဖတ်ရှုလေ့လာရသည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည်။



ပုပ္ပားတောင်တော်သိမ်းပြီး တောင်ကလပ်ပေါ်တက်စဉ်။ (ဘယ်စွန်ဗိုလ်ကြီး မောင်မောင်၊ အလယ် စာရေးသူဗိုလ်ကြီးသန်းတင်၊ ညာစွန် တပ်ကြပ်ကြီး ရှမ်းကြီး)

**ရောင်စုံသောင်းကျန်းသူများ အထိနာခဲ့သည့်တိုက်ပွဲများ**

အဘယ်ကြောင့်ဆိုသော် ဗိုလ်မှူးချုပ်သန်းတင်ပါဝင်တွေ့ကြုံခဲ့သည့် သိန္နီတံတားတိုက်ပွဲ၊ ပန်ကျိုးတိုက်ပွဲတို့သည် ရောင်စုံသောင်းကျန်းသူများ အထိနာခဲ့သည့်တိုက်ပွဲများ ဖြစ်သောကြောင့်ပင်။ စစ်သမိုင်း၊ စစ်ဥပဒေများ၌ တိုက်ပွဲတစ်ပွဲ ရှုံးလင့်ကစား စစ်ပွဲကြီးအား မထိခိုက်နိုင်သလို ဤစစ်ပွဲမျိုး ဆုံးရှုံးလိုက်ရသည့်အတွက် စစ်ဆင်ရေးကြီးတစ်ခုလုံး အထိနာဆုံးရှုံးသွားနိုင်သည်ဟု ဖော်ပြထားသည်။ စစ်ဥပဒေများအရ ပန်ကျိုးတိုက်ပွဲကြောင့် ဗကပအဝေးရောက် ဗမာပြည်ကွန်မြူနစ်ပါတီအတွက် စစ်ရေးပြလှုပ်ရှားပြသမှု ဆုံးရှုံးသဖြင့် ဗကပတို့ စစ်စတင်ရှုံးခြင်းပင်ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ဗဟိုခွဲစခန်းအား တိုက်ခိုက်ချေမှုန်းရာတွင် ပါဝင်ခဲ့သည့် ဗိုလ်မှူးချုပ်သန်းတင်၏ အတွေ့အကြုံမှာလည်း စာဖတ်ပရိသတ်ကို စိတ်လှုပ်ရှားစေသည်။ ဗဟိုခွဲစခန်းရှိရာတောသည် အင်ကြင်းပင်များနှင့် အင်ကြင်းကျောက်များ ပေါများလှသည်။ ထို့ကြောင့်ပင် အင်တောကျောက်ဂူဟု အမည်တွင်နေခြင်းဖြစ်ပေမည်။ အတွင်းပိုင်းရောက်လေလေ တောကထူလေလေဖြစ်သလို တောင်ကုန်းများကလည်း မြင့်မားလာသည်။ တစ်တောင်ဆင်းတစ်တောင်တက်ဖြင့် ပင်ပင်ပန်းပန်း စစ်ချီခဲ့ရပုံဖြင့် စာဖတ်သူကို ဆွဲဆောင်ထားသည်။

ထိုကဲ့သို့ တောကြီးတောင်ကြီးကြားက ဗကပဗဟိုခွဲ အင်တောကျောက်ဂူဒေသအား စမ်းတဝါးဝါးနှင့် စစ်ဆင်ရေးပြုလုပ်ပါက အင်တောကျောက်ဂူ၏ ခွင်အတွင်းမှ တခြားခွင်တစ်ခုသို့ ပြောင်းရွှေ့သွားနိုင်သည်။ ထို့ကြောင့် လက်ရှိ အင်တောကျောက်ဂူခွင်အတွင်းပင် အပြီးချေမှုန်းနိုင်ရန် ကြိုးပမ်းခဲ့ပုံကို တင်ပြထားသည်။

ထိုကဲ့သို့ချေမှုန်းနိုင်ရန်အတွက် ဗိုလ်မှူးချုပ်သန်းတင်တို့တပ်အနေဖြင့် သတိကြီးစွာ လှုပ်ရှားနေရင်း ဗကပနှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ပုံကို တင်ပြထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဗိုလ်မှူးချုပ်သန်းတင်တို့ တပ်ဘက်မှ သောက်ရေရှာဆင်းရင်း ဝါးခုတ်နေသည့် ဗကပတစ်ဦးနှင့် တွေ့ခဲ့သည်။ ထိုဗကပတစ်ဦးကို ပါးစပ်ကိုပိတ် အသံမထွက်အောင် ဖမ်းသော်လည်း “ရန်သူ၊ ရန်သူ”ဟု ဗကပက ရအောင်အော်သည်။ အော်သံကြားသည်နှင့် ဗကပတို့က ပစ်တော့သည်။ ဗကပများလည်း ကျဆုံးသည်။ ရဲဘော်များလည်း နိုင်ငံအတွက်အသက်ပေးရင်း ကျဆုံးမှုရှိခဲ့သည်။

**သစ္စာလေးချက် ဆိုခဲ့သည်သာ**

နိုင်ငံကို ကာကွယ်ရင်း သေဆုံးခဲ့သည့် ရဲဘော်တို့၏ ရုပ်ကြွင်းရှေ့ အသက်ရှင်ကျန်ခဲ့သည့် ရဲဘော်တို့က “ငါ့တိုင်းပြည်၊ ငါ့လူမျိုး။ ငါ့တပ်မတော်အတွက်၊ ငါ့အသက်ကို စွန့်လွှတ်ပါသည်”ဟု သစ္စာလေးချက် ဆိုခဲ့သည်သာ။ ထိုအခြေအနေကို မျက်မြင်တွေ့ကြုံရသလို ပုံဖော်ခံစားနိုင်အောင် ဗိုလ်မှူးချုပ်သန်းတင်က ရေးသားတင်ပြထားပြီး နိုင်ငံအတွက် စွန့်လွှတ်ဝံ့သူတို့အတွက် စာဖတ်သူတို့ ဝမ်းနည်းခံစားရစေသည်။

စာမျက်နှာ ၁၇ သို့ ■



ပဲခူးရိုးမတောင်ပေါ်မှ အလွန်ရိုးသားသည့် ကရင်အမျိုးသားကြီးများက တပ်မတော်၏ “ဖြတ်လေးဖြတ်” နည်းဗျူဟာကို သဘောပေါက်နားလည်ပြီး တပ်မတော်က ပေးထားသည့်တာဝန်များကို လုပ်ဆောင်ပါမည်ဟု သဘောတူစဉ်က မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (တိုင်းမှူး/စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီး သန်းတင်၊ တပ်မ(၇၇)တပ်မမှူး/ဒုစစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီးရန်နောင်စိုး၊ ဒုတိယတိုင်းမှူး စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး လှကြည်၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ငွေ။)



ပဲခူးရိုးမကြီးကို ဦးစီး၍တိုက်ခဲ့ကြသည့် တိုင်းမှူးနှင့်စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီးသန်းတင်၊ တပ်မ(၇၇)တပ်မမှူး/ဒုစစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီးရန်နောင်စိုး၊ ဒုတပ်မမှူး ဗိုလ်မှူးကြီး ခင်ကျော်ညို၊ ဒုတပ်မမှူး ဗိုလ်မှူးကြီး ခင်မောင်တင့်၊ ဒုတပ်မမှူး ဗိုလ်မှူးကြီး ကျော်စိန်ဝင်း၊(လပခ)ဒုတိုင်းမှူး ဗိုလ်မှူးကြီး စိန်ရ၊ (လပခ)ဗိုလ်မှူးကြီး လှကြည်၊ တပ်မ(၇၇)(XO) ဒုဗိုလ်မှူးကြီး သူရညွန့်တင်တို့အား တွေ့ရစဉ်။

■ စာမျက်နှာ ၁၆ မှ

သို့သော် ဗကပဗဟိုခွဲမှ သခင်တင်ထွန်းကို အသေဖမ်းဆီးရမိခဲ့သည့် အောင်မြင်သည့် တိုက်ပွဲဖြစ်ခဲ့သည်။ ထိုသို့ဗကပဗဟိုခွဲကို တိုက်ခိုက်ခံရသည့် အကြောင်းကြောင့် အဖွဲ့ကွဲသွားသည့် ဗကပများလည်း ကျေးရွာများကို ချဉ်းကပ်ကာ လက်နက်များချကြသည်။ နိုင်ငံတော်ကိုရင်ဆိုင်ရန် ပြုလုပ်ထားသည့် ဗကပဗဟိုဌာနချုပ်၏ မိုးလုံးဟိန်း စီမံချက်သည် ပြိုပျက်ရတော့သည်။

တပ်မတော်အနေဖြင့် စစ်ဆင်ရေးပြီး စစ်ဆင်ရေးအမည်အမျိုးမျိုးဖြင့် သောင်းကျန်းသူများကို ချေမှုန်းနေသောကြောင့် ကျဆုံး၊ လက်နက်ချ၊ ဒဏ်ရာရဖြင့် အထိနာသော်လည်း ကုန်သွားပြီဟု မရှိသေး။ ဗိုလ်မှူးချုပ်သန်းတင်သည် စစ်ဆင်ရေးများတွင် နှစ်ပေါင်းသုံးလေးဆယ် ပါဝင်ထမ်းဆောင်ရင်း စစ်ဆင်ရေးသံသရာလည်ခဲ့ကြောင်း၊ အသက်ပင် ဇရာထောက်လာကြောင်း တင်ပြထားသည်။

ဤနေရာတွင် ဗိုလ်မှူးချုပ်သန်းတင်က ၎င်း၏ အတွေ့အကြုံအရ ခံစားသိမြင်ရသည့် သဘောထားကို လှစ်ဟဖော်ပြထားသည်။ လွတ်လပ်ရေးရသည့်အချိန် နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကိုတိုက်၊ ဖက်ဆစ်ဂျပန်ကိုတိုက်၊ ထိုတုန်းက အောင်နိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းသူများကို လွတ်လပ်ရေးရသည့်အချိန်မှစ၍ တိုက်ခိုက်ခဲ့ရသည်။ သောင်းကျန်းသူများလက်မှ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းများကို ပြန်သိမ်းခဲ့ရသည်။ သို့သော် သောင်းကျန်းသူများ ရှိမြဲရှိနေဆဲပင်။ အဖျက်လုပ်ငန်းများ လုပ်ဆောင်နေဆဲပင်ဖြစ်ပြီး နိုင်ငံရေးတွင် သူတို့ဝါဒကို စွဲမြဲစွာကိုင်စွဲထားပြီး လူထုကို မြေစာပင် ဖြစ်စေခဲ့သည်။



ဗကပ ဗဟိုစခန်း၏ နောက်ဆုံးအခြေအနေများကို ကွန်မန်ဒိုစစ်ကြောင်းမှူးများက တိုင်းမှူးအား တင်ပြနေစဉ်။

ပြည်သူများ၏ စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရဘဲ မနက်မိုးလင်းလာလျှင် မျက်နှာသစ်စရာ မျက်နှာမှရှိပါ့မလားဆိုသည့် ကြောက်ရွံ့မှုကို စာနာနားလည်ခဲ့သည်။

**ဖြတ်လေးဖြတ် စစ်နည်းဗျူဟာစီမံချက်**

ထို့ကြောင့် သောင်းကျန်းသူများကို ချေမှုန်းနိုင်ရန် တပ်မတော်က ဖြတ်လေးဖြတ် စစ်နည်းဗျူဟာစီမံချက်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ရောင်စုံသောင်းကျန်းသူများ၏ အမာခံများ ဖော်ထုတ်ခြင်း၊ ရိက္ခာပိတ်ဆို့၊ ရိက္ခာဖြတ်ခြင်း၊ ဆက်ကြေးများဖြတ်ခြင်း၊ ကျေးရွာများရှိ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့များက သောင်းကျန်းသူများအား တန်ပြန်တိုက်ကာ လက်နက်များ ရယူခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့သည်။

ဗကပဗဟိုဌာနချုပ်သည် ၁၉၄၈ ခုနှစ်က ပဲခူးရိုးမကို အခြေပြုခဲ့သေးသည်။ ၁၉၅၂ ခုနှစ်ဝန်းကျင်တွင် ပဲခူးရိုးမကို စွန့်ခွာပြီး အထက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခဲ့သော်လည်း တပ်မတော်မှ အဆက်မပြတ် ထိုးစစ်ဆင်ခြင်းကြောင့် ၁၉၅၈ ခုနှစ်တွင် ပဲခူးရိုးမသို့ ပြန်လည်ပြောင်းရွှေ့ အခြေစိုက်ရလေသည်။ ၁၉၆၂ ခုနှစ်အကုန်တွင် ပဲခူးရိုးမ တိုင်းဖွဲ့စည်းရေးကွန်ဖရင့်ကျင်းပ၍ ပဲခူးရိုးမ အမြန်ဖွဲ့စည်းကာ လက်နက်ကိုင်တိုက်ပွဲနည်းလမ်းဖြင့်သာ နိုင်ငံရေးအာဏာကို ထိန်းချုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုအချိန် တပ်မတော်ဘက်မှ ဟေမာန်ဦး၊ သူရိန်၊ မာဃ၊ ရိုးမ၊ မဟော်၊ ဒေါန၊ မိုးကြိုး၊ မိုး၊ သိန်း၊ ဆောင်း၊ မီးခိုး၊ ကျား၊ မြဖြူ၊ အောင်သူရ၊ ရန်ရှင်း၊ ရောင်နီ၊ ဇေယျ၊ ဒေသန္တရ၊ အောင်စကြာ၊ ဒေဝေါ၊ ဂဠုန်ပျံ စစ်ဆင်ရေးအပြင် ဒေသန္တရစစ်ဆင်ရေး ၂၁ ခုဖြင့် စစ်ဆင်ရေးပြီးစစ်ဆင်ရေး ပြုလုပ်တိုက်ခိုက်ခဲ့သည်။

တပ်မတော်၏ စစ်ဆင်ရေးပြီး စစ်ဆေးရေးဖြင့် တိုက်ခိုက်မှုများကြောင့် ဗကပ ဗဟိုဌာနချုပ်သည် ရွှေ့ပြောင်းပြေးနေရပြန်သည်။ ဗကပ သခင်သန်းထွန်းသည် "ရန်သူထိုးစစ်ကို ငါတို့ ထိုးစစ်ဖြင့် ချေမှုန်းရမည်" ဟူသော လမ်းစဉ်ညွှန်ကြားချက်ဖြင့် တိုက်တိုင်းအောင်တပ်ကို ဖွဲ့စည်းပေးခဲ့သော်လည်း တပ်မတော်၏ တပ်မတို့ကိုမီအောင် စစ်စွမ်းရည်မရှိခဲ့ခြင်းကြောင့် မထူးခြားပေ။ တပ်မတော်သည် ဗကပဗဟိုအထိ ဝင်စီးနိုင်ခဲ့သည်။ သို့သော် သခင်သန်းထွန်းမှာ တပ်မတော်နှင့် ထိတွေ့ရာမှ သေဆုံးခြင်းမဟုတ်ဘဲ ရဲဘော် မြကြီးက လုပ်ကြံ၍ သေဆုံးခဲ့ရခြင်းဖြစ်သည်မှာ သင်ခန်းစာယူဖွယ်။

**အဖြူရောင်နယ်မြေအဖြစ် တည်ရှိလာ**

ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းနောက် သခင်ဇင်၊ သခင်ချစ်တို့ဖြင့် အဆက်ဆက်သည် နိုင်ငံတော်အာဏာကို ရရှိရန်၊ တပ်မတော်ကို အနိုင်ရရန် သွေးခင်းသည့်လမ်းကိုသာ ဖောက်ခဲ့သည်။ ပြည်သူကိုရန်သူဟု ထင်လာသည်၊ ရန်ပြုလာသည်၊ အချင်းချင်း ဖြုတ်၊ ထုတ်၊ သတ်လာသည်။ တပ်မတော်ဘက်မှ ရဲဘော်များလည်း ဗကပကိုတိုက်ရင်း အသက်ပေးလှူခဲ့ရသည်မှာလည်း မနည်းခဲ့ပေ။ ဖြတ်လေးဖြတ်စစ်ဗျူဟာကြောင့် နောက်ဆုံးတွင် ပဲခူးရိုးမကြီးနှင့် ပဲခူးတိုင်းတစ်ခုလုံးသည် အဖြူရောင်နယ်မြေအဖြစ် တည်ရှိလာခဲ့ပေပြီ။

သောင်းကျန်းသူများ၏ ရန်စွယ်မှ မြို့၊ ရွာ၊ ဒေသများ အေးချမ်းခဲ့သလို စာရေးသူ ဗိုလ်မှူးချုပ်သန်းတင်သည် စစ်ဆင်ရေးပြီး စစ်ဆင်ရေးဖြင့် ကျရာတာဝန်ထမ်းဆောင်ရင်း အငြိမ်းစားယူခဲ့ပေပြီ။ ၎င်း၏ ဘဝတစ်လျှောက်လုံး တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ရင်း စွဲမြဲစွာမှတ်သားထားသည်က ဗိုလ်သင်တန်းကျောင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် ကျောင်းဖွင့်မိန့်ခွန်း။

**ဗိုလ်ချုပ်အောင်ဆန်းက တောင့်တင်းခိုင်မာသော ကိုယ်ပိုင်စစ်တပ်မရှိဘဲ တိုင်းပြည် လွတ်လပ်ရေးကို ရနိုင်မည်မဟုတ်၊ ရရှိသော်လည်း ထိုလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်မည်မဟုတ်၊ ထို့ကြောင့် ဖွံ့၊ စွမ်းရည်၊ တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကို ချစ်သည့်စိတ်ဓာတ် လိုသည်ဟူသည့် မိန့်ခွန်းကို မြွက်ကြားခဲ့သည်။**

ဗိုလ်ချုပ်သန်းတင်(ငြိမ်း)၏ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှစာအုပ်သည် ငယ်ငယ်ရွယ်ရွယ် တပ်သားဘဝမှသည် ဇရာထောက်လာသည့်အချိန်အထိ တာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ဘဝတစ်ခုကို စာမျက်နှာပေါ်တွင် ဖတ်ရှုခံစားရသလို သောင်းကျန်းသူများ၏ ပြည်သူကို မြေစာပင်ဖြစ်စေကာ သွေးခင်းသည့်လမ်းကိုဖောက်၍ တိုင်းဖျက်ပြည်ဖျက် လုပ်ဆောင်မှုများ၊ သောင်းကျန်းသူအချင်းချင်း ဖြုတ်၊ ထုတ်၊ သတ် လမ်းစဉ်ကျင့်သုံးခဲ့ပုံ စသည့်သမိုင်းဟောင်း တစ်ခုကိုလည်း သိမြင်ရသည်။

စာရေးသူ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း) က သမိုင်းဟောင်းတွင် တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့သည့် သူ၏ဘဝအတွေ့အကြုံများကို စာဖတ်သူများထံတင်ပြရင်း **"ကိုင်း သမိုင်းမှာ ဒီအမှားမျိုးတွေ၊ ဒီဆိုးကျိုးတွေ ထပ်လုပ်ကြဦးမှာလား"** ဆိုသည့် စာအုပ်နိဂုံးသည် သုံးသပ်ဆင်ခြင်စရာ ဖြစ်သည်ကို ဖတ်ရှုမှုဝေလိုက်ရပါတော့သည်။ ။

**ဗိုလ်ချုပ်သန်းတင်(ငြိမ်း)၏ စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှစာအုပ်သည် ငယ်ငယ်ရွယ်ရွယ် တပ်သားဘဝမှသည် ဇရာထောက်လာသည့်အချိန်အထိ တာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ဘဝတစ်ခုကို စာမျက်နှာပေါ်တွင် ဖတ်ရှုခံစားရသလို သောင်းကျန်းသူများ၏ ပြည်သူကို မြေစာပင်ဖြစ်စေကာ သွေးခင်းသည့်လမ်းကိုဖောက်၍ တိုင်းဖျက်ပြည်ဖျက် လုပ်ဆောင်မှုများ၊ သောင်းကျန်းသူအချင်းချင်း ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်ကျင့်သုံးခဲ့ပုံ စသည့်သမိုင်းဟောင်း တစ်ခုကိုလည်း သိမြင်ရ**

## ထန်းတပင်မြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများ အသိပညာပေးနှိုးဆော်

**ထန်းတပင် ဇူလိုင်၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများအကြောင်း အသိပညာပေးနှိုးဆော်မှုများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်မှုများကို ဇူလိုင် ၁၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ၅၉ အုပ်စုတို့မှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများရှိ လမ်းများတစ်လျှောက်နှင့် လူအသွားအလာ များပြားသည့် ကားဂိတ်၊ လမ်းဆုံနှင့် ဈေးတို့တွင်လည်း အသံချဲ့စက်၊ လက်ကိုင်စကားပြောစက်များဖြင့် အသိပညာပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်အထိ အတည်ပြုလူနာ ၁၈၈ ဦးထိရှိပြီး သေဆုံးသူ ၂၄ ဦးနှင့် ဆေးရုံဆင်းသူ ၁၁၁ ဦးထိ ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## မောက်မယ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး လူဦးရေစာရင်းများကောက်ယူရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မောက်မယ် ဇူလိုင် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများက မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်အတွက် လူဦးရေစာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်းကာ စာရင်းများကောက်ယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာရင်းများကောက်ယူ**

လူဦးရေစာရင်းများကောက်ယူရာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတ/စေတနာ့ဝန်ထမ်းများ၊ ဘာသာရေးကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဟိုတယ် /မိုတယ် /တည်းခိုခန်းများ၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးများ အကျဉ်းထောင် အချုပ်သားများ စသည်တို့တွင် စာရင်းများ ကောက်ယူလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်း၊ ပရဟိတအဖွဲ့များအနေဖြင့် မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးမည့်နေရာ ငါးနေရာ သတ်မှတ်ထားရှိပြီး ၎င်းနေရာများမှာ မြို့ပေါ်၊ ဟိုနမ့်ကျေးရွာ၊ နမ့်လွတ်ကျေးရွာ ၊ လွိုင်ဆမ်ဆစ် ၊ နားဟီးကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောက်မယ်**
**(ပြန်/ဆက်)**

# ဇူလိုင် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၉၈၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၇-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၈-၇-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၇၆၃)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၉၈၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၁၁၆,၄၅၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၂၈၄,၀၉၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၅၈၄)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၉၇,၉၈၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၃၆၅)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၈,၂၀၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၈-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၀၄) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၀) ခု | (၁၇၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၅၇) ခု | (၄၆၆) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၆) ခု | (၁၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၁၁) ခု | (၁,၀၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၇၂၇) ခု | (၃,၀၅၄) ဦး |
| **စုစုပေါင်း** | (၁၃,၇၆၃) ခု | (၄,၉၈၀) **ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၃၅၃၉၂၃ | ၂၉၅၇၁၄၃၄ | ၆၂၇၃၅၁ |
| ၂။ | အိန္ဒိယ | ၃၁၄၈၄၆၀၅ | ၃၀၆၆၃၁၄၇ | ၄၂၂၀၅၄ |
| ၃။ | ဘရာဇီး | ၁၉၇၄၉၀၇၃ | ၁၈၄၆၆၈၂၂ | ၅၅၁၉၀၆ |
| ၄။ | ရုရှား | ၆၁၉၅၃၂၂ | ၅၅၄၇၅၂၉ | ၁၅၆၁၇၈ |
| ၅။ | ပြင်သစ် | ၆၀၂၆၁၁၅ | ၅၆၈၂၉၇၀ | ၁၁၁၆၉၅ |
| ၆။ | ဗြိတိန် | ၅၇၄၅၅၂၆ | ၄၄၇၀၂၂၄ | ၁၂၉၃၀၃ |
| ၇။ | တူရကီ | ၅၆၃၈၁၇၈ | ၅၄၃၃၈၄၁ | ၅၁၀၄၈ |
| ၈။ | အာဂျင်တီးနား | ၄၈၇၅၉၂၇ | ၄၅၁၉၉၂၂ | ၁၀၄၃၅၂ |
| ၉။ | ကိုလံဘီယာ | ၄၇၄၇၇၇၅ | ၄၅၂၆၉၁၇ | ၁၁၉၄၈၂ |
| ၁၀။ | စပိန် | ၄၃၆၈၄၅၃ | ၃၇၀၁၁၉၅ | ၈၁၃၂၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၂၈၇၇၂၇ | ၂၆၄၀၆၇၆ | ၈၈၆၅၉ |
| ၂။ | ဖိလစ်ပိုင် | ၁၅၆၆၆၆၇ | ၁၄၈၇၁၄ | ၂၇၄၀၁ |
| ၃။ | မလေးရှား | ၁၀၆၁၄၇၆ | ၈၇၇၈၁၂ | ၈၅၅၁ |
| ၄။ | ထိုင်း | ၅၄၃၃၆၁ | ၃၆၀၆၉၄ | ၄၃၉၇ |
| ၅။ | မြန်မာ | ၂၈၄၀၉၉ | ၁၉၇၉၈၄ | ၈၂၀၀ |
| ၆။ | ဗီယက်နမ် | ၁၁၇၁၂၁ | ၂၂၉၄၆ | ၅၂၄ |
| ၇။ | ကမ္ဘောဒီးယား | ၇၅၁၅၂ | ၆၇၆၉၂ | ၁၃၃၉ |
| ၈။ | စင်ကာပူ | ၆၄၅၈၉ | ၆၂၆၃၇ | ၃၇ |
| ၉။ | လာအို | ၅၄၃၄ | ၂၅၀၃ | ၆ |
| ၁၀။ | ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်းမြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ပူးပေါင်း၍ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နိုးဆော်အပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁)ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့သိရှိလိုသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center) ရှိ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ နေ့စဉ် နံနက် ၈ နာရီမှ ည ၉ နာရီအတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် –

(၁) ၀၆၇-၃၄၁၁၅၀၈
(၂) ၀၆၇-၃၄၁၁၅၀၉
(၃) ၀၆၇-၃၄၁၁၁၄၄
(၄) ၀၉-၈၈၂၅၅၇၉၉၁
(၅) ၀၉-၈၈၂၅၅၇၉၉၂
(၆) ၀၉-၈၈၂၅၅၇၉၉၃

သတင်းစဉ်

❒ ကျောဖုံးမှ

၃။ ဆက်လက်၍ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးနှံရာတွင် အထက်ဖော်ပြပါရည်ရွယ်ချက်များ ရရှိစေရေး ဆေးရရှိမှုပေါ်မူတည်၍ အောက်ပါဦးတည်အုပ်စုများကို ဦးစားပေးအစီအစဉ်အလိုက် အမြန်ဆုံး ထိုးနှံပေးသွားမည် ဖြစ်ပါသည် -

(က) အသက် (၆၅)နှစ်နှင့်အထက် မိဘပြည်သူများ၊

(ခ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကာကွယ်ဆေးမထိုးရသေးသော ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊

(ဂ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေသော ကာကွယ်ဆေးမထိုးရသေးသည့် စေတနာ့ဝန်ထမ်းများ၊

(ဃ) ဘိုးဘွားရိပ်သာများရှိ ဘိုးဘွားမိဘပြည်သူများ၊

(င) သာသနာ့ဝန်ထမ်းများ၊ ဘုန်းတော်ကြီးနှင့် သီလရှင်များ၊

(စ) ကာကွယ်ဆေးမထိုးရသေးသော နိုင်ငံ့ဝန်ထမ်းများ၊

(ဆ) ပုဂ္ဂလိက ဘဏ်ဝန်ထမ်းများ၊

(ဇ) ပုဂ္ဂလိကစက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊

(ဈ) ဟိုတယ်/မိုတယ်/တည်းခိုခန်းများမှ ဝန်ထမ်းများ၊

(ည) အကျဉ်းထောင်များရှိ အကျဉ်းသားများနှင့် အချုပ်သားများ၊

(ဋ) ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ပုဂ္ဂိုလ်များ (ကုန်းကြောင်း၊ လေကြောင်း၊ ရေကြောင်း)၊

(ဌ) စူပါမားကက်များ/ဈေးများမှ ဝန်ထမ်းများ၊ကျန်ဦးတည်အုပ်စုများကိုလည်း ကာကွယ်ဆေး ရရှိမှုအပေါ်မူတည်၍ အမြန်ဆုံး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါသည်။

၄။ လတ်တလောအနေဖြင့် ကာကွယ်ဆေးထိုးနှံပေးခြင်း မပြုမည့်သူများမှာ -

(က) COVISHIELD အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးမျိုးကို (၂)ကြိမ် အပြည့် ထိုးနှံပြီးသူများ၊

(ခ) လက်ရှိ ကိုဗစ်-၁၉ သံသယလက္ခဏာရှိသူများနှင့် အဖျားရောဂါရှိသူများ၊

(ဂ) ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် ဓာတ်ခွဲစစ်ဆေးအတည်ပြုသည့်နေ့မှ စတင်၍ ကာကွယ်ဆေးထိုးမည့်အချိန်အထိ (၆)လတာကာလ မပြည့်မီသူများဖြစ်ပါသည်။

၅။ ကာကွယ်ဆေးများရရှိမှုနှင့် ထိုးနှံရန်အစီအစဉ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကာကွယ်ဆေး doses (၃)သန်းရောက်ရှိပြီးဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအတွင်း နောက်ထပ် ကာကွယ်ဆေး doses (၃)သန်း ထပ်မံရောက်ရှိမည်ဖြစ်ပါသည်။ ရောက်ရှိပြီးကာကွယ်ဆေးများကို အမြန်ဆုံး ထိုးနှံပေးမည်ဖြစ်ပါသည်။

၆။ ယခုရောက်ရှိသောကာကွယ်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အသိအမှတ်ပြုထားသည့် အာနိသင်ထက်မြက်ပြီး ဘေးကင်းလုံခြုံစိတ်ချကာ အရည်အသွေးကောင်းမွန်သည့် ဆေးများဖြစ်ပါသည်။

၇။ ယခုထိုးနှံပေးမည့်ကာကွယ်ဆေးများကို လူတိုင်းစနစ်တကျ အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်းဖြင့် ပြည်သူလူထုအတွင်းတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုများ အားကောင်းလာသည်နှင့်အတူ အောက်ဖော်ပြပါအကျိုးကျေးဇူးများအပြင် အခြားမြောက်မြားစွာသော အကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်ပါသည် -

(က) ပြည်သူများအကြားတွင် ရောဂါကူးစက်မှုကွင်းဆက် ပြတ်တောက်လျော့ကျစေနိုင်ခြင်း၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုများ၊ ရောဂါပြင်းထန်စွာ ဖြစ်ပွားခံစားရ၍ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရမှုများနှင့် ရောဂါကြောင့် သေဆုံးမှုများကို အလွန်ထိရောက်စွာ ကာကွယ်လျှော့ချနိုင်ခြင်း၊

(ခ) ပြည်သူလူထုအတွင်း ရောဂါကူးစက်ဖြစ်ပွားသူ နည်းပါးလာပါက ကုသရေးအပိုင်းတွင် ဆေးရုံခုတင် လိုအပ်ချက်၊ အောက်ဆီဂျင်လိုအပ်ချက်၊ ကျန်းမာရေးဝန်ထမ်းများတွင် အလုပ်တာဝန်များပြား၍ တာဝန်ပိခြင်းစသည်တို့ကို ထိရောက်စွာလျှော့ချနိုင်မည်ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုပေးအပ်နိုင်ခြင်း၊ အချိန်တိုအတွင်း ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်စေခြင်း။

၈။ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးနှင့်ပတ်သက်သည့် သတင်းအမှားများနှင့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန်နှင့် မိမိအတွက်ရရှိသော ကာကွယ်ဆေးသည် မိမိကိုယ်တိုင်နှင့် မိသားစုအသိုက်အဝန်းအတွက် အကောင်းဆုံးဖြစ်ပါ၍ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စနစ်တကျ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန်ဖြစ်ပါသည်။

၉။ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ အချိန်တိုအတွင်း ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစွာရရှိစေရန်တို့အတွက် အငြိမ်းစားဆေးပညာရှင်များ၊ ဆေးဝန်ထမ်းများ၊ ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ဆေးနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများ၊ သူနာပြု/သားဖွားသင်တန်းကျောင်းတက်ရောက်နေသူများနှင့် အငြိမ်းစား တပ်မတော်ဆေးဝန်ထမ်းများမှလည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# ရပ်စောက်မြို့၌ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပင်စင်လစာများ ထုတ်ပေး

**ရပ်စောက် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေးခြင်း ဆောင်ရွက်မှုကို ရသဝတီခန်းမ၌ ယနေ့နံနက် ၈ နာရီက ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေသဖြင့် အငြိမ်းစားဝန်ထမ်းများကို ပင်စင်လစာထုတ်ပေးရာ၌ လူစုလူဝေးမဖြစ်စေရေးအတွက် ဇူလိုင် ၂၆ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ အလှည့်ကျထုတ်ပေးလျက်ရှိပြီး အငြိမ်းစားပင်စင်လစာထုတ်ယူလိုသူများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့တွင် လာရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လိုအပ်သည့်အထောက်အထားများဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ရပ်စောက်မြို့နယ်တွင် ပင်စင်လစာများ လာရောက်ထုတ်ယူရာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း(Mask)၊ Face Shield နှင့် လက်အိတ်များကို စနစ်တကျဝတ်ဆင်ပြီးမှသာ လာရောက်ထုတ်ယူကြရန် အသိပေးကြေညာထားပြီး ရပ်စောက်မြို့နယ်အတွင်း ပင်စင်စားဝန်ထမ်း ၂၀၀၀ ကျော်ရှိကာ လစဉ် ပင်စင်လာရောက်ထုတ်ယူသူဦးရေ ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈
မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာမှုကြောင့် မြို့နယ်အချို့၌ အများပြည်သူ အသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြောင်းရွှေ့နေရာချထားပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် ကန်သာယာရပ်ကွက်မှ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၇၆ ဦးကို အဆိုပါရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း၊ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအတွင်းရှိ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့မှ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၂ ဦးတို့ကို ကျေးရွာဓမ္မာရုံနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဒူးရင်းဆိပ်)သို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။



သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့အပြင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများနှင့် ရေကျော်ဝင်ရောက်သည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ဇူလိုင် ၂၇ ရက်နှင့် ယနေ့တွင် အဆိုပါနေရာများသို့ သွားရောက်၍ ဆန်၊ ဆီ၊ ထမင်းဘူးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ်သို့ မြင့်တက်လာသဖြင့် တနင်္သာရီမြို့ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် ချောင်းငယ်ရပ်ကွက်အတွင်းသို့ ရေဝင်ရောက်မှုကြောင့် အဆိုပါရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၂ စု ကို ရေဘေးလွတ်ရာ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် တနင်္သာရီမြို့ သဘာဝဘိုးဘွားရိပ်သာကျောင်းသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တနင်္သာရီတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်၊ ဆီ၊ ပဲ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဩဂုတ်လ လပတ်အတွက် မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၆ ရက်ခန့်၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၅ ရက်မှ ၂၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၉ ရက်မှ ၁၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် တစ်ကြိမ်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေကျဆင်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၈
ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံတွဲ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



လမ်းချော်မှုဖြစ်ပွားခဲ့သည့် ရိုးမသစ္စာကုန်တင်ယာဉ်မှ ကုန်ပစ္စည်းများ ရွှေ့ပြောင်းပေးနေစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရေများပြန်လည်ကျဆင်းသွားသဖြင့် အဆိုပါမြို့နယ်အသီးသီး၌ ရေကြီးနစ်မြုပ်ခဲ့သည့် ဆေးရုံများ၊ လမ်းများ၊ ရုံးအဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများတွင် တင်ကျန်ရစ်သည့် ရွှံ့နွံများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ လူနာများ ရွှေ့ပြောင်းပေးခြင်း၊ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် သံတွဲမြို့ ခါးသွေးကျောက်ရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများကို ဇူလိုင် ၂၇ ရက်တွင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက စက်တပ်ရော်ဘာလှေနှစ်စင်းဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ယနေ့တွင် ရေများ ပြန်လည်ကျဆင်းသွားသဖြင့် သံတွဲမြို့အဝင် ဂွ-သံတွဲ ကားလမ်းပေါ်၌ ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ လမ်းချော်မှုဖြစ်ပွားခဲ့သည့် ရန်ကုန်-သံတွဲ ပြေးဆွဲလျက်ရှိသည့် ရိုးမသစ္စာကုန်တင်ယာဉ်မှ ကုန်ပစ္စည်းများအား သယ်ယူရွှေ့ပြောင်းပေးခြင်းနှင့်ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်၊ သောင်ရင်းမြစ်နှင့် သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဇူလိုင် ၂၈
ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၀ ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ၁၀ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ မြဝတီမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# နယ်လ်ဆင်မင်ဒဲလား

**ပိုက်တင်**

နှစ်ဆယ်ရာစုရဲ့ အကြီးကျယ်အခမ်းနားဆုံး statesmen က ဘယ်သူဖြစ်မလဲ။ ဂျိုးဇက်စတာလင်နဲ့ မော်စီတုံးကို ဘေးဖယ်ထားလိုက်ပါ။ အာဏာရှင်ဆန်ဆန် အမျိုးသားရေးဝါဒီတွေဖြစ်တဲ့ ဂါ့မဲလ်အက်ဘ် ဒယ်လ် နက်ဆာနဲ့ ပိုလေးစားဖို့ကောင်းသလောက် ဩဇာလွှမ်းမိုးမှုကျတော့ ပိုနည်းတဲ့ ဗက်ကလက်ဟာဗယ်လ်တို့ကိုလည်း အသာထားလိုက်ပါ။ ပြီးတော့ နောက်ထပ်နာမည် ဒါဇင်ဝက်လောက်ကို ဆန်းစစ်လိုက်ပါဦး။ မိုဟန်ဒါ့စ် ဂန္ဒီ၊ ဝင်စတန်ချာချီ၊ ဖရန်ကလင် ရုဇဗယ့်၊ ချားလ်စ်ဒီဂေါလ်၊ ဂျက်ခ်ကနေဒီနဲ့ နယ်လ်ဆင်မင်ဒဲလားတို့ဖြစ်နိုင်ပါတယ်။ ကမ္ဘာအနှံ့အပြားက သန်းပေါင်းများစွာသော လူတို့အဖို့ရာမှာတော့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့က ကွယ်လွန်သွားခဲ့တဲ့ အသက် ၉၅ နှစ်အရွယ် အထက်ပါစာရင်းထဲမှ နောက်ဆုံးပုဂ္ဂိုလ်သာလျှင် ဖြစ်ပါတယ်။

**တွေးတောကြည့်ရှုံသာ တတ်နိုင်**

မစ္စတာမင်ဒဲလားရဲ့ ရဲစွမ်းသတ္တိ အဆင့်အတန်းက အံ့မခန်းထူးခြားလှပါတယ်။ သူ့ရဲ့ ကျော်ကြားမှုက နှစ်ပေါင်းများစွာကြာအောင် သူ့တိုင်းပြည်ဖြစ်တဲ့ တောင်အာဖရိကနိုင်ငံအတွင်းထဲမှာပဲ ရှိခဲ့တာပါ။ ပုန်ကန်ထကြွမှုကြီးအတွက် သူ့ရဲ့ပထမဆုံး အမှုအဆုံးသတ်ခဲ့တဲ့အချိန်အထိ နိုင်ငံရပ်ခြားမှာ လူသိမများသေးပါဘူး။ အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့ပေမယ့် သူ့လွတ်လပ်ခွင့်ဟာ နောက်ထပ်တစ်နှစ်ကျော်ကျော်လေးပဲ ခံခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ စတင်စစ်ဆေးခဲ့တဲ့ ရီဗိုးနီးယားအမှုမှာ နိုင်ငံရေးအရ အကြမ်းဖက်မှုလုပ်ခဲ့တယ်လို့ ပြစ်ဒဏ်ချမှတ်ခြင်းမခံရခင် အချိန်အထိပါ။ နှစ်ရှည်လများ ချုပ်နှောင်ခံခဲ့ရတဲ့ကာလအတွင်းမှာ (အဲဒီကာလရဲ့ ၁၇ နှစ်လောက်က ရော်ဘင်ကျွန်း၊ ကိတ်ပ်ကမ်းရိုးတန်းရဲ့ လေပြင်းဒဏ်ခံဒေသ အယ်လ်ကတ်ရက်ဇ်မှာ နေခဲ့ရတာပါ။) အချုပ်အနှောင်ဘဝက လွတ်မြောက်ပြီး ပြန်လည်ထွက်ပေါ်လာခဲ့တဲ့ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှာတော့ ၁၉၆၄ ခုနှစ်ကတည်းက သူ့ဓာတ်ပုံတွေကို ဖော်ပြတာမျိုး လုံးဝမရှိခဲ့လေတော့ ကမ္ဘာကြီးဟာ သူဘယ်လိုပုံစံမျိုးဖြစ်နေမလဲလို့ပဲ တွေးတောကြည့်ရှုံသာ တတ်နိုင်ခဲ့ပါတော့တယ်။

သူ အဲဒီအချိန်မှာ ၇၁ နှစ်ရှိနေပါပြီ။ နိုင်ငံရေးကို တစ်စိတ်တစ်ပိုင်းသာ တက်တက်ကြွကြွလုပ်နိုင်ဖို့ ဆယ်နှစ်လောက်ပဲ ကျန်တော့တယ်လို့ ဆိုနိုင်ပါတယ်။ သို့သော်ငြားလည်း တခြား ဘယ်တစ်ဦးတစ်ယောက်နဲ့မှ မတူပါဘူး။ သူဟာ အဲဒီ ဆယ်စုနှစ်ကာလအတွင်းမှာပဲ ပြန်လည်ရင်ကြားစေ့ရေးကို ခိုင်မာစေခဲ့ပါတယ်။ အဲဒီခေတ်ရဲ့ စက်ဆုပ်ဖွယ်အကောင်းဆုံး အသားရောင်ခွဲခြားမှုကို အကောင်းဆုံး ငြိမ်းချမ်းစွာ အဆုံးသတ်ပေးခဲ့ပါတယ်။ အစာနာတတ်ဆုံး အမြင့်မြတ်ဆုံးသူတွေပင် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က စိတ်မကူးခဲ့ဖူးတဲ့ ဒီမိုကရက်တစ် တောင်အာဖရိကနိုင်ငံကို စတင်ဖို့ အကြီးအကျယ် မျှော်လင့်ခွင့်ပေးခဲ့ပါတယ်။

ထူးခြားခမ်းနားလှတဲ့ ကိုယ်ရည်ကိုယ်သွေးဟာ မထင်မရှားနဲ့ နှစ်ပေါင်းများစွာ ဖိနှိပ်ခံထားရသူတစ်ယောက်က အခုလို ဩဇာလွှမ်းမိုးနိုင်ခြင်းရဲ့ အကြောင်းတရားဖြစ်ပါတယ်။ ကမ္ဘာကြီးက သူ့ရဲကောင်းအမျိုးသား အမျိုးသမီးတွေကို လိုအပ်ပါတယ်။ ဒါပေမဲ့ အမြဲတမ်းတော့ အမြော်အမြင်ရှိရှိ ရွေးချယ်ခြင်း မဟုတ်ခဲ့ပါ။ ဒါပေမဲ့ မစ္စတာမင်ဒဲလားကို ရွေးချယ်ရာမှာတော့ သူ့ရဲကောင်းတစ်ယောက်အတွက်လိုအပ်ချက်တွေဟာ ပကတိအရှိတရားတို့နဲ့ ကိုက်ညီခဲ့ပါတယ်။ ရိုးရိုးသားသားသာ နေထိုင်ကျင့်ကြံတတ်ကြတဲ့ ကြီးကျယ်ခမ်းနားဆုံး ပုဂ္ဂိုလ်များလိုပါပဲ။ မစ္စတာမင်ဒဲလားဟာလည်း နားလည်ရခက်ခြင်းနဲ့ ဆန့်ကျင်ဘက်စရိုက်တွေ ရှိတဲ့သူပါ။ သူ့မှာ ခိုင်မာထက်သန်တဲ့ ဆုံးဖြတ်ချက် ရှိပါတယ်။ ဒီလိုမဟုတ်ရင် သူဟာလျှော့ပေါ့ လိုက်လျောမှုတွေနဲ့ ပုန်ကန်ခြားနားမှုတွေကိုဆန့်ကျင်ဖို့ သဘောတူညီမှုတွေနဲ့ အစောကြီးကတည်းက ထောင်ကနေလွတ်မှာ ဖြစ်ပါတယ်။

**ကိုယ်ရည်ကိုယ်သွေးကို ပြသခဲ့**

ဒါပေမဲ့ သူဟာ ပင်ကိုအားဖြင့် ညှိနှိုင်းစေ့စပ်ရေးသမားတစ်ယောက်၊ ရင်ကြားစေ့နိုင်သူ တစ်ယောက်ဖြစ်ပါတယ်။ သူ့စိတ်ထဲမှာ လူဖြူတွေနဲ့ ပတ်သက်လို့ ပြင်းထန်တဲ့ခံစားချက်တွေ ရှိနေပေမယ့်သူဟာ သူ့ဘဝတစ်လျှောက်မှာ ခေါင်းမာတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ဖျောင်းဖျခဲ့ပါတယ်။ သူ့ရဲ့ အာဖရိက အမျိုးသားကွန်ဂရက် (African National Congress–ANC) ရဲ့မူဝါဒမှာ လူမျိုးခွဲခြားရေး လုံးဝမပါရအောင် သေသေချာချာ အတိုက်အခံလုပ်ပြီး ထိန်းသိမ်းခဲ့တာပါ။ လက်နက်ကိုင်မှုဝါဒကို သူမလွဲမရှောင်သာ လက်ခံလိုက်ရတော့လည်း လက်နက်ကိုင်နည်းကို အာဏာရရှိဖို့ မဟာဗျူဟာတစ်ရပ်လို အသုံးမချဘဲ အစိုးရက စေ့စပ်ဆွေးနွေးလာအောင် ဖိအားပေးဖို့သာ ရည်ရွယ်ခဲ့ပါတယ်။ နောက်ဆုံးတစ်နေ့ လူဖြူအစိုးရက လိုက်လျောမှုတွေလုပ်လာတဲ့ အချိန်ကျတော့လည်း လက်စားချေလိုမှုတွေကို လုံးဝမပြသခဲ့ဘဲ ခွင့်လွှတ်ခြင်းနဲ့ ပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်တဲ့ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးကို အံ့မခန်းပြသခဲ့တာပါ။

ANC ရဲ့ စစ်ဘက်ဆိုင်ရာဦးစီးချုပ် ပြောက်ကျားခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်ကနေ ၁၉၆၇ ခုနှစ်အထိ ANC ဥက္ကဋ္ဌ ဖြစ်ခဲ့သူ အဲလ်ဘတ်လူသူလီဟာ ငြိမ်းချမ်းရေးသမား မဟုတ်သော်လည်း အကြမ်းမဖက်ရေးနည်းလမ်းကို ယုံကြည်သူပါ။ လက်နက်ကိုင်လမ်းစဉ်ကို မင်ဒဲလားဟာ တွန့်တွန့်ဆုတ်ဆုတ်နဲ့ပဲ စွန့်ခဲ့ခြင်းပါ။ သူက သူတို့လုပ်နေတဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ လူထုကို တိုက်ရိုက်တိုက်ခိုက်တာမဟုတ်လို့ သွေးမြေမကျတဲ့ လွတ်မြောက်ရေးတိုက်ပွဲလို့ ခံယူခဲ့သူပါ။ သူ ဘာကြောင့် လက်နက်ကိုင်လမ်းကိုလိုက်ခဲ့သလဲ ဆိုတော့ တစ်ကြောင်းက အစိုးရရဲ့ တစ်စတစ်စ ပိုမိုဖိနှိပ်လာမှုကိုဟန့်တားဖို့ တခြားနည်းလမ်းမရှိဘူးလို့ ယုံကြည်တာကြောင့်ဖြစ်ပြီး နောက်တစ်ချက်ကတော့ တခြားသောပြိုင်ဘက်လက်နက်ကိုင် အဖွဲ့တွေ (ဥပမာအားဖြင့် Pan Africanist Congress) တွေကို ရှုံးနိမ့်မှာ စိုးရိမ်မှုကြောင့် ဖြစ်ပါတယ်။

ကွန်မြူနစ်ဝါဒနဲ့ပတ်သက်လို့ တော်တော်စွဲလမ်းနှစ်သက်ခဲ့ပြီး တော်တော်ကြီးကြာမှ စွန့်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၅၀ ပြည့်နှစ်များတုန်းက ဂျိုဟန်နက်စ်ဘတ်မြို့နယ် အော်လန်ဒိုမှာရှိတဲ့ သူ့အိမ်ခန်းနံရံတွေမှာ လီနင်နဲ့စတာလင်ရဲ့ ရုပ်ပုံတွေ ချိတ်ဆွဲထားခဲ့ဖူးပါတယ်။ ကားလ်မာ့က်စ်ရဲ့ လွှမ်းမိုးမှုကိုခံခဲ့ရပြီး တောင်အာဖရိကကွန်မြူနစ်ပါတီနဲ့ ဆက်ဆံလုပ်ကိုင်မှုတွေ ရှိခဲ့ပါတယ်။ အဲဒီအချိန် သူ့ရေးသားမှုတွေဟာ မာ့က်စ်ဝါဒနဲ့ အများကြီး ဆက်စပ်နေခဲ့ပါတယ်။

ဒါပေမဲ့ မင်ဒဲလားက သူဟာ ကွန်မြူနစ်ဟုတ်ကြောင်း အခိုင်အမာပြောလေ့ရှိပါတယ်။ ANCက ကွန်မြူနစ်ပါတီနဲ့ဆက်ဆံခြင်းဟာ ရန်သူရဲ့ ရန်သူ ဖြစ်လို့တစ်ကြောင်း ကွန်မြူနစ်တွေက တောင်အာဖရိကလူထုကို အညီအမျှ ဆက်ဆံတာကြောင့် ဖြစ်တယ်လို့ သူကပြောပါတယ်။ ဆိုဗီယက် မော်ဒယ်လ်ကို သူကဆန္ဒမရှိကြောင်းဖော်ပြလေ့ ရှိပြီး ဗြိတိသျှပါလီမန်ဟာ ကမ္ဘာမှာ ဒီမိုကရက်တစ်အဆန်ဆုံးပဲလို့ ပြောတတ်ပါတယ်။

**သူ အဲဒီအချိန်မှာ ၇၁ နှစ်ရှိနေပါပြီ။ နိုင်ငံရေးကို တစ်စိတ်တစ်ပိုင်းသာ တက်တက်ကြွကြွလုပ်နိုင်ဖို့ ဆယ်နှစ်လောက်ပဲ ကျန်တော့တယ်လို့ ဆိုနိုင်ပါတယ်။ သို့သော်ငြားလည်း တခြားဘယ်တစ်ဦးတစ်ယောက်နဲ့မှ မတူပါဘူး။သူဟာ အဲဒီဆယ်စုနှစ်ကာလအတွင်းမှာပဲ ပြန်လည်ရင်ကြားစေ့ရေးကို ခိုင်မာစေခဲ့ပါတယ်။ အဲဒီခေတ်ရဲ့ စက်ဆုပ်ဖွယ်အကောင်းဆုံး အသားရောင်ခွဲခြားမှုကို အကောင်းဆုံး ငြိမ်းချမ်းစွာ အဆုံးသတ်ပေးခဲ့ပါတယ်။ အစာနာတတ်ဆုံး အမြင့်မြတ်ဆုံးသူတွေပင် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်က စိတ်မကူးခဲ့ဖူးတဲ့ ဒီမိုကရက်တစ် တောင်အာဖရိက နိုင်ငံကို စတင်ဖို့ အကြီးအကျယ် မျှော်လင့်ခွင့်ပေးခဲ့။**

**ဒီမိုကရေစီအတွက်သာဖြစ်**

တော်လှန်ရေးကာလတစ်လျှောက်လုံးမှာ သူဟာ ကွန်မြူနစ်ဝါဒကို မယုံကြည်ကြောင်း ပြသခဲ့ပြီး ၁၉၅၆ ခုနှစ် ANC ရဲ့ အဓိကမူဝါဒကို ဖော်ပြတဲ့ Freedom ကြေညာစာတမ်းမှာဆိုရင် တော်လှန်ရေးရဲ့ ရည်မှန်းချက်ဟာ ဆိုရှယ်လစ်ဝါဒ ထူထောင်ရန်မဟုတ်ကြောင်းနဲ့ လူလတ်တန်းစား အရင်းရှင်ဝါဒအခြေပြု ဒီမိုကရေစီအတွက်သာ ဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။

သူလက်ခံယုံကြည်ထားတဲ့ မူဝါဒတွေနဲ့ လက်တွေ့ဆောင်ရွက်ချက်တွေ အစပ်အဟပ်မတည့်ဘဲ ရှိခဲ့တာကို ကျူးဘား၊ လစ်ဗျားနဲ့ ဆီးရီးယားတို့နဲ့ ဆက်ဆံရေးများမှာ အထင်အရှားမြင်တွေ့ခဲ့ရပါတယ်။ နှစ်ပေါင်းများစွာ လူ့အခွင့်အရေးရရှိရေးမှုကို ANC ရဲ့ အဓိကမူဝါဒအဖြစ် ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပါတယ်။ မတူကွဲပြားသူများအားလုံး ပျော်ရွှင်လွတ်လပ်ရေးအတွက်လည်း သူသမ္မတအဖြစ်ဆောင်ရွက်စဉ်ကာလမှာ သူ့နိုင်ငံရဲ့ အမျိုးသား အကျိုးစီးပွားအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်များမှာ နိုင်ဂျီးရီးယား သမ္မတဖြစ်ခဲ့သူ ရက်စက်ကြမ်းကြုတ်ပြီး အလွန်ဆိုးယုတ်တဲ့ ဆန်နီအဘာချာကို သတ္တိရှိရှိ ဝေဖန်ပြစ်တင်ခဲ့ပါတယ်။ ဒါပေမဲ့ ဖီဒယ်ကက်စထရိုနဲ့ မွမ်မာကဒါဖီတို့ကိုတော့ သူ့အလားတူ ရှုတ်ချတာမျိုး မရှိခဲ့ပါဘူး။ ဒါနဲ့ပတ်သက်လို့ အမေရိကန်တွေ အံ့အားတသင့် ဖြစ်ခဲ့ရပါတယ်။

ဒီကိစ္စမျိုးတွေနဲ့ပတ်သက်လို့ မင်ဒဲလားရဲ့ သဘောထားဟာ နားလည်ရခက်ပါတယ်။ သူနဲ့အတူ ထောင်တစ်သက်တစ်ကျွန်းကျခဲ့တဲ့ ရဲဘော်ခုနစ်ယောက်အနက် တစ်ယောက်ဖြစ်သူ အာမက်ကက်သရာဒါက ပြောတာကတော့ မိတ်ဆွေတစ်ယောက်နဲ့ပတ်သက်ရင် မင်ဒဲလားရဲ့စိတ်ကို ပြောင်းလဲဖို့ မလွယ်ပါဘူးတဲ့။ နောက်မင်ဒဲလားဟာ ငယ်ငယ်ကတည်းက မိသားစုနဲ့ ကွဲကွာခဲ့ရတာပါ။

**နားလည်ရခက်**

ပထမဦးဆုံး မိခင်ရဲ့စောင့်ရှောက်မှုအောက်မှာ နေခဲ့ရပါတယ်။ နောက်ဆယ်နှစ်အရွယ်မှာ ဖခင်ဖြစ်သူကွယ်လွန်ပြီးတဲ့နောက် ဇိုစာ ဘာသာစကားပြောတဲ့ မျိုးနွယ်စု တစ်ဒါဇင်လောက်ထဲက တစ်ခုဖြစ်တဲ့ သန်ဘူးမျိုးနွယ်စု ခေါင်းဆောင်က စောင့်ရှောက်ဖို့လက်ခံခဲ့ပါတယ်။ ဒီလို ပုံမကျပန်းမကျ ထိန်းသိမ်းစောင့်ရှောက်ခံခဲ့ရတော့ မင်ဒဲလားရဲ့ အမှုအကျင့်တွေအပေါ် ရိုက်ခတ်မှုရှိတယ်ဆိုရင် တစ်ခါတစ်ရံမှာ သူ့အတွက်ကောင်းမွန်တဲ့ အမှုအကျင့်တွေကို ဖြစ်ပေါ်စေပြီး တစ်ခါတစ်ရံတော့ သူ့အပြုအမူတွေကို နားလည်ရခက်စေတယ်လို့ ဆိုရမယ် ဖြစ်ပါတယ်။

သူဟာ တော်ဝင်ဘဝနဲ့မွေးဖွားခဲ့သူဖြစ်ပြီး သီးခြားလည်း နေတတ်ထိုင်တတ်ပါတယ်။ သူဟာ အလွန်ကို သီးသန့်နေတတ်ရုံမကဘဲ တစ်မိန့်တစ်အာဏာဆန်ချင်တဲ့ စရိုက်မျိုးတောင် ရှိတတ်တယ်လို့ လုပ်ဖော်ကိုင်ဖက်တွေက ပြောပါတယ်။ ဒါပေမဲ့ ဒါက မင်ဒဲလားဟာ ရှေးရိုးစွဲဖြစ်တယ်၊ ဆက်ဆံရေးမကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်တော့ မဟုတ်ပါဘူး။ ၁၉၇၀ အလယ်ပိုင်း နှစ်တွေတုန်းက အစွန်းရောက် လူမည်းလူငယ်အဖွဲ့ဖြစ်တဲ့ လူမည်းအသိတရားနိုးထရေးအဖွဲ့ (Black Consciousness Movement)က လူငယ်တွေ ရော်ဘင်ကျွန်းကို စတင်ရောက်ရှိလာပြီး လူမည်းတွေ သီးခြားရပ်တည်ရေးတရားတွေ ဟောကြတော့ မင်ဒဲလားဟာ စိတ်ရှည်လက်ရှည်နဲ့ဘဲ လူငယ်တွေကို အသိအမှတ်ပြုခဲ့တာကြောင့် သူတို့အံ့အားသင့်ခဲ့ရတဲ့အကြောင်း သူနဲ့အတူတူ ထောင်ထဲနေခဲ့သူ ရဲဘော်တွေက ပြောပါတယ်။ နောက်ပိုင်း မြို့နယ်တော်တော်များများမှာ အဓိကရုဏ်းတွေဖြစ်တော့လည်း မကျေမနပ်ဖြစ်နေကြတဲ့ လူငယ်တွေကို သူကပဲ ရင်ကြားစေ့ပေးခဲ့ပါတယ်။

အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်မှာ သူ့ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ သန်ဘူးလူမျိုးစု ခေါင်းဆောင်က သူ့ကိုလက်ထပ်ပေးဖို့ စီစဉ်တာကြောင့် ဂျိုဟန်နက်စ်ဘတ်ကို သူထွက်ပြေးခဲ့ပါတယ်။ နောက်သုံးနှစ်အကြာ ၁၉၄၄ ခုနှစ်မှာတော့ သူတစ်သက်လုံး ရင်းရင်းနှီးနှီး ပေါင်းသင်းခဲ့တဲ့ ဝေါ်လ်တာ ဆီစူစူရဲ့ ဝမ်းကွဲညီမ အယ်ဗလင်ကို လက်ထပ်လိုက်ပါတယ်။ သူ့အတွက် သားသမီးလေးယောက်မွေးပေးခဲ့ပေမယ့် သူ့ဇနီးက သူအင်မတန်ထက်သန်တဲ့ နိုင်ငံရေးထက် ဘာသာရေးကိုပဲ အများကြီး ပိုပြီးစိတ်ဝင်စားခဲ့သူပါ။

(ဆက်လက်ဖော်ပြပါမည်)

# ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

**ပြောကြား**

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က သဘာဝဘေး ကိစ္စရပ်များ ရုတ်တရက်ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်နိုင်ကြရန် အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝဘေး ဖြစ်ပေါ်လာပါကပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ အတတ်နိုင်ဆုံး ဆုံးရှုံးမှုမရှိစေရေး ကြိုတင်ဆောင်ရွက်ထားကြရန်လိုကြောင်း၊ ပြည်သူများထံသို့ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဖြစ်ပေါ်လာပါက ပြည်သူများသို့ စားနပ်ရိက္ခာစသည့် ထောက်ပံ့ပစ္စည်းများ အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဖွဲ့စည်းထားသော ကော်မတီများ အနေဖြင့် အချိတ်အဆက်မိမိ ပေါင်းစပ်လုပ်ကိုင်ရန် လိုကြောင်းနှင့် မိမိတို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီကလည်း လိုအပ်ချက်များအား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးအုန်းမြင့်က စီမံခန့်ခွဲမှုအဖွဲ့ နှင့် လုပ်ငန်းကော်မတီ (၁၃)ဖွဲ့ ဖွဲ့စည်းပြီးစီးမှု အခြေအနေများ၊ စီမံချက်များ ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် မဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးကာလများ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်ထားရှိကြရန် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်အလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အွန်လိုင်း စနစ်ဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**



# အလုံမြို့နယ်၌ အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

**အလုံ ဇူလိုင် ၂၈**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် ယမန်နေ့ ညနေ ၄ နာရီမှစ၍ အလုံမြို့နယ် ကမ်းနားလမ်း မြို့နယ်မီးသတ်စခန်းရှေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်ဇော်နိုင် ဦးဆောင်သော မြို့နယ်အောက်ဆီဂျင်ဖြန့်ဝေရေးအထောက်အကူပြုကော်မတီမှ မြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်လျက်ရှိသော ပြည်သူများအား စနစ်တကျ အောက်ဆီဂျင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းနေထိုင်သူများက အမှန်တကယ်လိုအပ်သော ကိုဗစ်-၁၉ ဝေဒနာရှင်များအတွက် သက်ဆိုင်ရာ ရပ်ကွက်ထောက်ခံချက်နှင့်အတူ အောက်ဆီဂျင်ထုတ်ယူရာတွင် ယူဆောင်လာရမည့် စာရွက်စာတမ်းများ၊ စည်းကမ်းချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပြီး အောက်ဆီဂျင် လီတာ ၂၀ သုံးအိုး၊ ၁၅ လီတာ ခြောက်အိုး၊ ၁၀ လီတာ ၃၃ အိုး၊ ငါးလီတာ တစ်အိုး စုစုပေါင်း ၄၃ အိုး ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စစ်တွေမြို့နယ်၌ ကျေးလက် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇူလိုင် ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင့်ဝေ၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီက လုပ်ငန်းများပြီးစီးမှုကို ကွင်းဆင်းတိုင်းတာပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေး စစ်ဆေးကြသည်။

စစ်တွေမြို့နယ် ကျောက်တန်းချေကျေးရွာ၌ အိမ်တိုင်ရာရောက် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရန်ပုံငွေကျပ် ၂၆ ဒသမ ၉၉ သန်းဖြင့် ဆောင်ရွက်ပြီး အဆိုပါကျေးရွာ၌ အိမ်ထောင်စု ၁၅၀ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး**
**(ပြန်/ဆက်)**



# သထုံခရိုင်ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်များ စတင်ထုတ်လုပ်

**သထုံ ဇူလိုင် ၂၈**

မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံကို ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက စတင်လည်ပတ်ပြီး သထုံခရိုင်ပြည်သူ့ဆေးရုံ သီးသန့်လူနာဆောင်(၁) ရှိ အောက်ဆီဂျင်လိုအပ်သူများကို ပေးပို့ကာ ကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**အမြန်ဆုံးတည်ဆောက်ခြင်းဖြစ်**

သထုံခရိုင် ပြည်သူ့ဆေးရုံ သီးသန့်လူနာဆောင်၌ တက်ရောက်ကုသနေသည့် ကိုဗစ်-၁၉ လူနာများအတွက် အရေးပေါ်အောက်ဆီဂျင် လုံလောက်မှုရှိစေရန် အမြန်ဆုံးတည်ဆောက်ခြင်းဖြစ်ကြောင်း သထုံခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သင်းသင်းအိက ပြောသည်။

အောက်ဆီဂျင်ထုတ်စက်အား နေ့စဉ် အများဆုံး လူနာ ၂၅ ဦး အသုံးပြုခွင့်ရမည်ဖြစ်ပြီး လိုအပ်မှုအနေအထားအပေါ်မူတည်၍ သမားတော်နှင့် မေ့ဆေးအထူးကုဆရာဝန်၏ ညွှန်ကြားမှုဖြင့် ဆေးရုံ တက်ရောက်ကုသနေသော လူနာများအား ကုသပေးသွားမည်ဖြစ်သည်။



အောက်ဆီဂျင်ထွက်ရှိမှု ပမာဏမှာ ၂၄ နာရီ စက်စွမ်းအားပြည့် လည်ပတ်ပါက လီတာ ၄၀ ဝင်အိုး ၅၀ ထွက်ရှိမည်ဖြစ်ပြီး လက်ရှိအချိန်တွင် စက်ရုံမှ သီးသန့်လူနာဆောင်လူနာများထားရှိသည့် ခုတင်ခေါင်းရင်းအထိ ပိုက်ဖြင့်သွယ်တန်းပေးသည့်စနစ်ကို အသုံးပြုနေကြောင်း၊ သီးသန့်လူနာဆောင်မှ လူနာအသုံးပြုမှု နည်းပါးလာပါက လီတာ ၄၀ ဝင်အိုးနှင့် ၁၀ လီတာဝင်အိုးများအတွင်း ဖြည့်သွင်းပေးမည်ဖြစ်ပြီး ယင်းအိုးများအတွင်းသို့ ဖြည့်သွင်းရန် စက်ကိုလည်း မှာယူထားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်မှာ PSA Type Oxygen Plant ဖြစ်ပြီး စက်တန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၁၄၀၀ ဖြင့် မော်လမြိုင်မြို့နေ အလှူရှင်တစ်ဦးက လှူဒါန်းခြင်းဖြစ်ကာ စက်ရုံအဆောက်အအုံနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း၊ ပိုက်လိုင်းများသွယ်တန်းခြင်းအပါအဝင် အခြားလိုအပ်သည်တို့ကို ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ၏ အစီအစဉ်ဖြင့် အများပြည်သူထည့်ဝင်လှူဒါန်းငွေတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကိုဦး(ပြန်/ဆက်)**

**ထိပ်ဆုံးမှာ တွေ့ကြမယ်**

# သင်၏ အခြားသူများကိုရှုမြင်ပုံ

ခင်မောင်ညို (ဘောဂဗေဒ)

(၂၂-၇-၂၀၂၁ ရက်နေ့မှအဆက်)

အန်နီလေးသည် နေရာအတော်များများတွင် တိရစ္ဆာန်တစ်ကောင်နှင့် တူသည်။ တစ်ခါတစ်ရံ သူမ၏အခန်းတွင်းသို့ဝင်လာသည့်သူကို ပြင်းပြင်းထန်ထန် တိုက်ခိုက်တတ်သည်။ တစ်ခါတစ်ရံ၌ လုံးဝဂရုမစိုက်ဘဲလည်း နေတတ်သည်။ သူနာပြုဆရာမကြီးက သူမထံသွားလည်သည့်အခါ ပထမ၌ ထိုသူနာပြုဆရာမကြီးရောက်နေသည်ကိုပင် ဂရုစိုက်ပုံမပြပေ။ တစ်ရက်၌ စားစရာများကို ယူဆောင်သွားပြီး သူမ အခန်းအပြင်ဘက်တွင် ထားပစ်ခဲ့သည်။ အန်နီလေးက ထိုစားစရာများ ရှိနေကြောင်းကိုပင် သိပုံမပြပေ။ သို့သော် နောက်တစ်နေ့၌ သူနာပြုဆရာမကြီး ရောက်လာသည့်အခါ မုန့်များစားပြီးနေသည်ကို တွေ့ရသည်။ ထိုအချိန်မှစ၍ သူနာပြုဆရာမကြီးက စားစရာမုန့်အညိုများကို အပတ်စဉ်ကြာသပတေးနေ့တိုင်း သွားလည်သည့်အခါများ၌ ယူဆောင်သွားလေ့ရှိသည်။ မကြာမီတွင် ဆရာဝန်များက ထိုနေရာတွင် အပြောင်းအလဲတစ်ခုဖြစ်ပေါ်နေပြီကို စတင်သတိထားမိလာကြသည်။ အချိန်ကာလတစ်ခု ကုန်ဆုံးသွားသည့်အခါ အန်နီလေးကို ထိုအချုပ်ခန်းထဲမှ ထုတ်၍ အပေါ်ထပ်သို့တင်ရန် ဆုံးဖြတ်ခဲ့သည်။ နောက်ဆုံး၌ မျှော်လင့်ချက်မရှိသည့် ကလေးမငယ်ကို အိမ်ပြန်နိုင်ပြီဖြစ်ကြောင်း ပြောရသည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။

သို့သော် အန်နီလေးက အိမ်မပြန်ချင်ပေ။ သူ ယခုကဲ့သို့ နေကောင်းသွားအောင် ကူညီစောင့်ရှောက်ခဲ့သည်ကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အခြားလူနာများနှင့် အတူတူနေထိုင်ပြီး အလုပ်လုပ်ပေးချင်သည်။ သူနာပြုဆရာမကြီးက သူမဘဝကို အဓိပ္ပာယ်ရှိအောင် အများကြီးလုပ်ပေးခဲ့သဖြင့် သူမကလည်း အတုံ့အလှည့်သဘောဖြင့် အခြားသူများအား ကူညီတတ်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။

နှစ်အတန်ကြာသည့်အခါတွင် အင်္ဂလန်ပြည်ဘုရင်မကြီး ဝိတိုရိယက နိုင်ငံရပ်ခြားသူတစ်ယောက်ကို အင်္ဂလန်နိုင်ငံ၏ အမြင့်ဆုံးတံဆိပ်တစ်ခု အပ်နှင်းသည့်အခမ်းအနား၌ ဟယ်လင်ကဲလားကို မေးခွန်းထုတ်သည်။ “ရှင့်ရဲ့ အထူးချွန်ဆုံး အပြောင်မြောက်ဆုံး လုပ်ရပ်တွေနဲ့ပတ်သက်လို့ ဘယ်လိုနေသလဲ၊ မျက်စိလည်းမမြင်၊ နားလည်းမကြားဘဲနဲ့ အဲဒီလို ပြောင်ပြောင်မြောက်မြောက် စွမ်းဆောင်နိုင်မယ်လို့ ရှင်ဘယ်လိုသိသလဲ အဲဒါကို ဘယ်လိုလုပ်ရှင်းပြမှာလဲ”ဟု မေးလိုက်သည်။ ဟယ်လင်ကဲလားက ချက်ချင်းပင် ပြန်ပြောခဲ့သည်။ “အန်နီလေးကိုသာ ယခုလို မပြုစုခဲ့လို့ရှိရင် ဟယ်လင်ကဲလားရဲ့အမည်ကို ဘယ်သူမှတောင် သိကြမှာမဟုတ်ပါဘူး”ဟု ပြောလိုက်သည်။

ဟယ်လင်ကဲလားသည် သူ့အား အားကိုးရာမဲ့ မျှော်လင့်ချက်မဲ့သည့် အခြေအနေကို ရောက်ရှိစေသော ရောဂါဝေဒနာကို မခံစားရမီက သန်စွမ်းကျန်းမာသော ကလေးတစ်ယောက်သာ ဖြစ်သည်။ အန်နီလေးက ဟယ်လင်ကဲလားကို ဘုရားသခင်၏ အထူးပုဂ္ဂိုလ်တစ်ဦးအဖြစ်မြင်ပြီး ထိုသို့ မြင်သည့်အတိုင်း ဆောင်ရွက်ခဲ့၊ ချစ်ခဲ့၊ ဆုတောင်းခဲ့သဖြင့် ငြိမ်းလုလုဖြစ်နေသော မီးတိုင်တစ်တိုင်သည် အခြားသူများ၏ လမ်းကြောင်းကိုပြသရန်အတွက် အချက်ပြမီး ဖြစ်လာခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးက လူအများ၏ဝန်ထုပ်ဝန်ပိုးကို လျော့ပါးသွားစေရန် ဖြစ်လာခဲ့သည်။ ဟုတ်ပါသည်။ လူသန်းပေါင်းများစွာတို့၏ ဘဝအပေါ် ဟယ်လင်ကဲလားက အန်နီလေးကြောင့် တုန်လှုပ်မှုကိုရရှိကာ ဩဇာလွှမ်းမိုးခဲ့သည်။

## မျက်စိထဲမှာရှိသည်

နှစ်အတန်ကြာက ဗာဂျီးနီးယားပြည်နယ်မြောက်ပိုင်းတွင် အဘိုးအိုတစ်ယောက် မြစ်ကမ်းနံဘေး၌ မြစ်ကိုဖြတ်သန်းရန် စောင့်ဆိုင်းနေသည်။ ထိုနေ့က အလွန်အေးပြီး တံတားလည်းမရှိသဖြင့် အခြားတစ်ဖက်ကိုရောက်ရန်အတွက် တစ်ခုခုကို စီးသွားနိုင်မှဖြစ်မည်။ အတန်ကြာသည့်အခါ မြင်းစီးသမားတစ်စု မြစ်ကမ်းဘေးသို့ ကပ်လာသည်ကို တွေ့ရသည်။ ပထမတစ်ယောက်ကို ဘာမျှမပြောဘဲ လွှတ်ပေးလိုက်သည်။ ဒုတိယတစ်ယောက်၊ တတိယတစ်ယောက်၊ စတုတ္ထတစ်ယောက်၊ ပဉ္စမတစ်ယောက်ကို လွှတ်ပေးလိုက်ပြီး နောက်ဆုံး၌ တစ်ယောက်သာ ကျန်တော့သည်။ ထိုပုဂ္ဂိုလ်အနား ကပ်လာသည့်အခါ အဘိုးအိုက ထိုသူ၏မျက်စိကို စိုက်ကြည့်ပြီး “လူကြီးမင်းခင်ဗျား၊ ကျွန်တော်ဟိုဘက်ကမ်းကို လိုက်ခဲ့လို့ရနိုင်မလား”ဟု မေးလိုက်သည်။

ထိုသူက အနည်းငယ်မျှပင်တုံ့ဆိုင်းနေခြင်းမရှိဘဲ “ဘာလို့ မလိုက်နိုင်ရမှာလဲ၊ တက်သာတက်ပါ” ဟု ခေါ်လိုက်သည်။ မြစ်ကို ဖြတ်သန်းပြီးသည့်အခါ အဘိုးအိုမြင်းပေါ်မှဆင်းပြီး မထွက်ခွာမီတွင် မြင်းစီးသမားက “လူကြီးမင်းခင်ဗျား၊ ဘာဖြစ်လို့ တခြားမြင်းစီးသမားတွေကျတော့ အကူအညီမတောင်းခဲ့သလဲ၊ ကျွန်တော်အနားရောက်လာမှ ဘာဖြစ်လို့ အကူအညီတောင်းရတယ်ဆိုတာကို ကျွန်တော် သိချင်လိုက်တာ” ဟုမေးလိုက်သည်။ အဘိုးအိုက “သူတို့မျက်စိထဲကို ကျွန်တော် ကြည့်လိုက်တဲ့အခါမှာ မေတ္တာရိပ်ကို မတွေ့ရဘူး၊ ဒါကြောင့် ကျွန်တော့်စိတ်ထဲက သူတို့ကို အကူအညီတောင်းလျှင် အချည်းနှီးပဲဖြစ်မယ်ဆိုတာကို သိနေတယ်။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားရဲ့မျက်စိထဲကို ကြည့်လိုက်တဲ့အခါမှာတော့ မေတ္တာ၊ ကြင်နာမှု၊ အကူအညီပေးချင်မှုတို့ကို တွေ့နေရတယ်။ မြစ်ကိုဖြတ်ကူးဖို့ ခင်ဗျားက အကူအညီပေးမယ်ဆိုတာ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာ ကြိုပြီးသိနှင့်နေတယ်”ဟု အေးအေးဆေးဆေးပင် ပြောလိုက်သည်။

ထိုအခါ မြင်းစီးသမားက ကျိုးနွံစွာဖြင့် “ခင်ဗျားပြောခဲ့တာတွေအတွက် ကျွန်တော် သိပ်ဝမ်းသာပါတယ်။ အဲဒီလိုပြောတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်”ဟု ပြောလိုက်သည်။ ဤနည်းအားဖြင့် သောမတ်ဂျက်ဖာဆင်သည် အိမ်ဖြူတော်အထိ လမ်းတစ်လျှောက် မြင်းစီးလာခဲ့သည်။ ကျွန်တော်တို့၏ မျက်လုံးများသည် ကျွန်တော်တို့ ဝိညာဉ်များအတွက် တံခါးပေါက်များဖြစ်သည်ဟု ပြောခြင်းမှာ မှန်ကန်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ခင်ဗျားသာ နောက်ဆုံးမြင်းစီးလာသူဖြစ်လျှင် အဘိုးအိုက မြစ်ကိုကျော်ဖြတ်ရန်အတွက်ခင်ဗျားကိုအကူအညီတောင်းမည်

> တခြားသူများကို အကူအညီပေးခြင်းအားဖြင့် သူတို့ကိုယ်တိုင်ပင် အကူအညီရနေကြသည်။ အခြေအနေများမှာ ရှင်းပါသည်။ လူများကို ခင်ဗျားမြင်ပုံက အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုလျှင် ခင်ဗျားမြင်သည့်အတိုင်းသာ အခြားသူများကို ပြုမူဆက်ဆံတတ်သောကြောင့် ဖြစ်သည်။ အခြားသူများလိုချင်တာကို ခင်ဗျားသာ ပြည့်ပြည့်ဝဝကူညီခဲ့လျှင် ခင်ဗျားဘဝမှာ လိုချင်တာတွေအားလုံးကို ရရှိနိုင်။

လား၊ မတောင်းဘဲနေမည်လား၊ အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်းတို့ကြား၌ ရောမခြားနားချက်ကြီး ရှိပါသည်။ ခင်ဗျားနှင့်ခင်ဗျား၏ အားပေးမှုများသည် လူတစ်ယောက်အတွက်သော်လည်းကောင်း၊ လူအများအတွက် သော်လည်းကောင်း မြစ်ကိုကျော်ဖြတ်သကဲ့သို့ အရေးပါပါသည်။ အောင်မြင်မှုတောင်ကုန်းများကို တက်လှမ်းရန် ကူညီခဲ့သည့် ဟာဗေးဖိုင်းယားစတုန်းက ဤအကြောင်းကို လှလှပပ ဖွဲ့ဆိုခဲ့သည်။ “သင့်မှာ ရှိသမျှအကောင်းဆုံးများကိုပေးလျှင် သူတစ်ပါးထံမှ အကောင်းဆုံးများကို ပြန်ရမည်။”

## လိုအပ်ချက်ကိုကြည့်ပါ၊ ဖြည့်စွမ်းပါ

လဗွန်းနှင့် ဗန်းဒရက်တို့၏ ဇာတ်လမ်းမှာလည်း ထူးထူးခြားခြား သတ္တိပြောင်မြောက်သည့် လူများက ဖက်တွယ်ထားသော ယုံကြည်မှုနှင့် လုံ့လဝီရိယတို့သည် ဘဝ၏ပြဿနာအများစုကို ဖြေရှင်းပေးနိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်သော ဥပမာတစ်ခုဖြစ်သည်။ ဗန်းသည် လခကောင်းကောင်းရသည့် ပလာစတာသမားဖြစ်ပြီး သူပိုလီယိုရောဂါရသည့်အချိန်တွင် ကလေးသုံးယောက်၏ဖခင်ဖြစ်သည်။ လေးနှစ်ခွဲကျော်ခန့် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီးနောက် ယနေ့ဆိုလျှင် ဗန်းနှင့် လဗွန်းတို့သည် တစ်နှစ်လျှင် ဒေါ်လာရှစ်သန်းကျော် ဝင်ငွေရှိသည့် တပ်ပါဝဲယားဒီလားဆိုင် ၁၀၀၀ ကျော်ပါဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုကို ပိုင်ဆိုင်နေပြီ။ ပိုလီယိုရောဂါရသည့်အချိန်နှင့် ယနေ့အခြေအနေများ၏ကြား၌ ဖြစ်ပွားခဲ့သည့် ကိစ္စရပ်များမှာလည်း ဇာတ်လမ်းတစ်ခုဖြစ်သည်။ ဗန်းရောဂါရပြီးနောက် စုဆောင်းငွေများ ကုန်ခန်းသွားသည့်အခါ ဇနီးသည်လဗွန်းက အပြင်ထွက်ပြီး အလုပ်ရှာရသည်။ ထိုသို့ အလုပ်ရှာရသဖြင့် ဗန်းနှင့်ကလေးများ၏အနားတွင် ရှိမနေနိုင်ဘဲ တစ်နေ့လျှင် ၁၀ နာရီခန့် အပြင်ထွက်နေရသည်။ ထိုအခါ လဗွန်းက လုပ်ငန်းတစ်ခုထူထောင်ရန် စိတ်ကူးရသွားပြီး တပ်ပါဝဲယားကုမ္ပဏီ၏ ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။ ထိုစီးပွားရေးလုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်သွားကာ အချိန်ပြည့်ဆောင်ရွက်ရန် သဘောတူခဲ့သည်။ အလုပ်လုပ်ရတာ ပျော်စရာကောင်းသလို အကျိုးအမြတ်လည်းရှိပါသည်။ ပို၍အရေးကြီးသည်မှာ မိသားစုကိစ္စဦးစားပေးပြီးနောက် ကျန်သည့်အချိန်များ၌ အလုပ်ကိစ္စများကို ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်သည်။ ယခင်ကလို အလုပ်ကိစ္စကိုရှေ့တန်းထားပြီး မိသားစုကိစ္စကို နောက်ကထားရသည့်လုပ်ရပ်မျိုး လုပ်စရာမလိုတော့။ ချက်ချင်းပင်အခြားသော အမျိုးသား အမျိုးသမီးများ၌လည်း အလားတူပြဿနာမျိုးရှိနေနိုင်ကြောင်း သူသဘောပေါက်လိုက်သည်။ သူတို့ကို အကူအညီပေးရန်အတွက် ငွေရေးကြေးရေးအရ အားကိုးနိုင်လောက်အောင် တစ်နိုင်ငံလုံးအနှံ့ ထိပ်တန်းဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု တည်ထောင်ကာ အဖွဲ့အစည်းအပါအဝင် ခရစ်ယာန်ကျောင်းတော်ကို အထောက်အကူပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ရည်မှန်းချက်များကို ရရှိအောင်ကြိုးစားသည့်ခရီးစဉ်၌ ဗန်းနှင့် လဗွန်းတို့က သူတို့၏ မန်နေဂျာများနှင့် ဝယ်ရောင်းသမား ၁၂၅ ဦးတို့အား ကားအသစ်များဝယ်ယူနိုင်ရေးဆိုသည့် သူတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များကိုရရှိစေရန် အကူအညီပေးခဲ့သည်။ အခြားသူရာပေါင်းများစွာတို့အားလည်း တိုးတက်ကြီးပွားရန် အခွင့်အလမ်းများ ဆောင်ကြဉ်းပေးခဲ့သည်။ သူတို့၏ ထူးထူးချွန်ချွန် အောင်မြင်မှုသည် အခြားသူများ၏ လိုအပ်ချက်ကို ရှုမြင်ခြင်း၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းခြင်းတို့နှင့် ပတ်သက်သည်။ ခင်ဗျားအနေဖြင့် အခြားသူများကို မြင်သည့်အခါတွင် ဗန်းနှင့်လဗွန်းတို့မြင်သည့်အတိုင်း ရှိသမျှအရာများကို ပေးလိုက်နိုင်သဖြင့် ခင်ဗျားလည်း အများကြီးပြန်ရလိမ့်မည်။

## သူတစ်ပါးကျွေးက ကိုယ်လည်းဝ

လူတစ်ယောက်ကို ကောင်းကင်ဘုံခရီးနှင့် ငရဲခရီးနှစ်ခုစလုံးကို လမ်းခင်းပေးထားသဖြင့် ကြိုက်ရာခရီးကို ရွေးချယ်နိုင်သည်။ မာန်နတ်ကို ထိုအခွင့်အရေးပေးလိုက်သည့်အခါ သူက ငရဲပြည်သို့သွားသည့်ခရီးကို ရွေးချယ်ခဲ့သည်။ ပထမဦးဆုံး ငရဲပြည်၌ ကြည့်လိုက်သည့်အခါ ငရဲသားအကုန်လုံး စားပွဲဝိုင်းတစ်ခုတွင် အစားအသောက်အများအပြားဖြင့် ထိုင်နေကြသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် စားကောင်းသောက်ဖွယ်မျိုးစုံကို စားပွဲပေါ်တွင် တွေ့မြင်ရသည်။ နောက်ထပ် ဘာမျှထပ်တောင်းစရာမလိုလောက်အောင် ပြည့်စုံနေသည်။

စာမျက်နှာ ၂၄ သို့

❂ စာမျက်နှာ ၂၃ မှ

မည်သို့ပင်ပြည့်စုံကြွယ်ဝစေကာမူ ခရီးသည်က စားပွဲတွင် ထိုင်နေသည့်သူများကို ကြည့်လိုက်သောအခါ မည်သူမျှပြုံးမနေကြ။ ထိုပွဲလမ်းမျိုးနှင့် ဆီလျော်သည့် အခမ်းအနားအပြင်အဆင်မျိုး ဂီတသံစဉ်မျိုးကိုလည်း မတွေ့ရပေ။ စားပွဲ၌ ထိုင်နေကြသည့်သူများသည် ထိုင်းထိုင်းမှိုင်းမှိုင်း၊ ပျင်းပျင်းရိရိဖြစ်နေပြီး အရိုးပေါ်အရေတင်နေကြသည်။ ခရီးသည်က လူတိုင်းလူတိုင်း၏ လက်ဝဲဘက်လက်မောင်းတွင် ခက်ရင်းတစ်ခုစီကိုလည်းကောင်း၊ လက်ယာလက်မောင်းတွင် ဓားတစ်ချောင်းစီကို လည်းကောင်း ချည်နှောင်ထားသည်ကို တွေ့ရသည်။ ထိုခက်ရင်းနှင့် ဓားများ၏လက်ကိုင်က လေးပေလောက်ရှည်နေသဖြင့် စားမရ၊ သောက်မရ ဖြစ်နေကြသည်။ ထို့ကြောင့် သူတို့၏ အနီးအနားမှာ စားစရာသောက်စရာတွေ အလျှံပယ်ရှိနေပါလျက် ငတ်မွတ်နေကြရသည်။

ကောင်းကင်ဘုံသို့သွားသည့်ခရီး၌လည်း ငရဲပြည်၌မြင်ခဲ့ရသည့်အတိုင်း အစစအရာရာတူညီသည့်ရှုခင်းကို ခရီးသည်က မြင်ရသည်။ အစားအသောက်များ၊ ဓားများ၊ ခက်ရင်းများအားလုံးတူနေကြသည်။ သို့သော် ကောင်းကင်ဘုံသားများသည် ရယ်မောပျော်ရွှင်နေကြပြီး တေးသီချင်းဆိုနေကြသည်။ အစားအသောက်ဝလင်ပုံရပြီး ကျန်းမာရေးလည်း ကောင်းမွန်ကြသည်။ ခရီးသည်အနေဖြင့် မျက်စိလည်သွားသည်။ အခြေအနေချင်း တူပါလျက်နှင့် ရလဒ်များက အဘယ်ကြောင့် မတူညီရသည်ကို စဉ်းစားစရာဖြစ်နေသည်။ ငရဲပြည်ရှိလူများက ငတ်နေပြီး ကောင်းကင်ဘုံရှိလူများက ဝဝလင်လင်၊ ပျော်ပျော်ရွှင်ရွှင် ရှိနေကြသည်။ ထို့နောက် မကြာမီပင် အဖြေကိုတွေ့ရှိသွားသည်။ ငရဲပြည်မှသူများက သူတို့ဘာသာစားဖို့သာကြိုးစားနေကြသည်၊ လေးပေလောက်ရှည်သော ဓားများ၊ ခက်ရင်းများဖြင့် ကိုယ့်ဘာသာကိုယ်စားရန် မဖြစ်နိုင်ပေ။ သို့သော် ကောင်းကင်ဘုံ၌ရှိသည့်သူများကမူ စားပွဲ၏တစ်ဖက်၌ရှိသည့် အခြားသူများကိုကျွေးရန် ကြိုးစားနေကြသည်။ တခြားသူများကို အကူအညီပေးခြင်းအားဖြင့် သူတို့ကိုယ်တိုင်ပင် အကူအညီရနေကြသည်။ အခြေအနေများမှာ ရှင်းပါသည်။ လူများကို ခင်ဗျားမြင်ပုံက အလွန်အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုလျှင် ခင်ဗျားမြင်သည့်အတိုင်းသာ အခြားသူများကို ပြုမူဆက်ဆံတတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်ပင် ကျွန်တော်က ခင်ဗျားကို အမြဲသတိပေးနေရခြင်း ဖြစ်ပါသည်။ အခြားသူများလိုချင်တာကို ခင်ဗျားသာ ပြည့်ပြည့်ဝဝကူညီခဲ့လျှင် ခင်ဗျားဘဝမှာ လိုချင်တာတွေ အားလုံးကို ရရှိနိုင်ပါသည်။ ။

[ခင်မောင်ညို (ဘောဂဗေဒ)၏ “ထိပ်ဆုံးမှာတွေ့ကြမယ်” စာအုပ်မှ “သင်၏ အခြားသူများကိုရှုမြင်ပုံ” ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

## ပြည်မြို့၌ အောက်ဆီဂျင်အိုးကြီးအလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံဆောက်လုပ်ရန် အလှူငွေပေးအပ်

**ပြည် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံဆောင်ရွက်မှုဖြင့် ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့်စက်ရုံ ဆောက်လုပ်မည်ဖြစ်ရာ အဆိုပါစက်ရုံဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်မြို့ ဦးစိန်ခို(တိုင်းရင်းဆေးတိုက်) မိသားစု၏ လှူဒါန်းငွေကျပ်သိန်း ၃၀ အပါအဝင် ပုဂ္ဂလိကဆေးရုံများနှင့် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၇၈ သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

နေ့စဉ် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးကြီးအလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ပစ္စည်းများ ဩဂုတ်လဒုတိယပတ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပြည်မြို့တွင် စက်ရုံတည်ဆောက်ခြင်းဖြင့် ပြည်၊ ပေါက်ခေါင်း၊ ရွှေတောင်နှင့် ပန်းတောင်း အစရှိသော လေးမြို့နယ်အတွက်အောက်ဆီဂျင် လုံလောက်မှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။ **ကိုဆက်**




## ဟားခါးမြို့နှင့် မတူပီမြို့တို့၌ အောက်ဆီဂျင်စက်ရုံများ ဩဂုတ်လအတွင်း တည်ဆောက်မည်

**ဟားခါး ဇူလိုင် ၂၈**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏စီစဉ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဟားခါးနှင့် မတူပီမြို့တို့၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီးအလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ရုံများ ဩဂုတ်လအတွင်း တည်ဆောက်သွားမည် ဖြစ်သည်။

ဟားခါးမြို့နှင့် မတူပီမြို့တို့၌ တပ်ဆင်မည့် အောက်ဆီဂျင်စက်များသည် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းအောက်ဆီဂျင်စက်များ ထားရှိရန် (၃၀ x ၆၀ x ၁၅) ပေ RC အဆောက်အအုံ တစ်လုံးစီကိုပါ ဆောက်လုပ်သွားမည်ဖြစ်သည့်အပြင် အဆိုပါ စက်ရုံများ တည်ဆောက်ပြီးစီးပါက ဖလမ်းနှင့် ထန်တလန်မြို့နယ်တို့က ဟားခါးမြို့သို့ လည်းကောင်း၊ ပလက်ဝမြို့နယ်က မတူပီမြို့သို့ လည်းကောင်း လိုအပ်သည့် အောက်ဆီဂျင်များ လာရောက်ဖြည့်တင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီက ပလက်ဝမြို့အတွက် 10 Liter Permanent Oxygen Concentrator ၁၀ လုံး၊ ပလက်ဝမြို့နှင့် ဆမီးမြို့တို့အတွက် 25 KVA မီးစက် တစ်လုံးစီ ထောက်ပံ့ပေးခဲ့ရာ မကြာမီ ပလက်ဝသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်မှုဖြင့်ပြည်နယ်အတွင်း အောက်ဆီဂျင်လိုအပ်ချက်များကို အထောက်အကူပြု အသုံးပြုနိုင်ရန် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၃၀၀ ကို မှာယူခဲ့ပြီးဖြစ်ကြောင်းနှင့် မကြာမီ ရောက်ရှိလာမည်ဖြစ်ကြောင်း ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံးမှ သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## တာချီလိတ်မြို့ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀ နှင့် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**တာချီလိတ် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူဖြစ်စေရန် ဝမ်လုံးကျေးရွာရှိ ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် အသုံးပြုနိုင်ရေး ရှမ်းရှေ့နဂါးမင်းကုမ္ပဏီက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀ နှင့် ဟင်းသီးဟင်းရွက်များကို ယမန်နေ့ညနေပိုင်းက ထောက်ပံ့လှူဒါန်းသည်။

ထိုသို့ထောက်ပံ့ရာတွင် ဝမ်လုံးကျေးရွာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ထားရှိသူများနှင့် ကြည့်ရှုစောင့်ရှောက် ဝန်ဆောင်မှုပေးနေသည့် စေတနာ့ဝန်ထမ်း ၁၀ ဦးခန့်တို့၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ချဉ်ပေါင်၊ ကန်စွန်း၊ ဖရုံ၊ ဘူးညွန့်၊ ဘူးသီး၊ ရုံးပတီသီး၊ ခရမ်းချဉ်သီး၊ ကြက်ဟင်းခါးသီးစသည့် ဟင်းသီးဟင်းရွက်များနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀ တို့ကို လာရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်းနှင့် ဆက်လက်လှူဒါန်းပေးသွားရန်လည်း ရှိကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ ရှမ်းရှေ့နဂါးမင်းကုမ္ပဏီက ဇူလိုင် ၂၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလ မြို့နယ်စည်ပင်သာယာရေးဌာနမှ သန့်ရှင်းရေးဝန်ထမ်းအိမ်ထောင်စု ၂၇ စုအား ကျန်းမာရေးနှင့်ညီညွတ်စေသည့် ဟင်းသီးဟင်းရွက်အစည်းရေပေါင်း ၂၀၀ ခန့်အား ထောက်ပံ့ပေးခဲ့ကြောင်းလည်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**



## မြို့နယ်ကြက်ခြေနီ ယာယီအသင်းခွဲရုံးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဇူလိုင်၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ကြက်ခြေနီ ယာယီအသင်းခွဲရုံးသို့ PPE level (1–3) ထည် ၃၀၊ KF 94 အခု ၁၀၀ ပါ ၁၀ ထုပ်နှင့် dead body bag ၃၀ အား ရတနာနှင်းဆီအိမ်ရာနေ မနန်းဝါဝါမောင်နှင့် ပြည်တွင်းပြည်ပ အလှူရှင်များက ယမန်နေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းခဲ့သည်။

မြို့နယ်ကြက်ခြေနီအသင်းမှ စေတနာရှင်လုပ်အားရှင်များသည် မြို့နယ်တွင်း ကိုဗစ်-၁၉ရောဂါပိုးတွေ့လူနာဦးရေ တိုးပွားလာချိန် ပြည်သူသို့ အသိပညာပေးခြင်း၊ ကိုဗစ်လူနာများအား ကူညီဆောင်ရွက်ခြင်း၊ ဆေးဖျန်းပေးခြင်း၊ အသက်ရှူရန်ခက်ခဲသောလူနာများအား အောက်ဆီဂျင်ရရှိရန် ဆောင်ရွက်ပေးခြင်း၊ အထွေထွေရောဂါကု ဆေးခန်းဖွင့်လှစ်ခြင်းနှင့် ပြည်သူများသို့ ဆန်ထောက်ပံ့မှုအတွက် လုပ်အားဖြင့် ကူညီခြင်း၊ လူနာများအား ဆေးရုံသို့ အချိန်မီပို့ပေးခြင်းတို့ကို ဆောင်ရွက်နေကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**









## အနုပညာ

# ဒီအိုရဲ့ ပထမဆုံးသောမီနီတေးအယ်လ်ဘမ် အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဒီအိုဟာ အမျိုးသားတေးဂီတအဖွဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ သူဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပထမဆုံး အကြိမ် ထုတ်လွှင့်ခဲ့တဲ့ မီနီတေးအယ်လ်ဘမ်နဲ့ အောင်မြင်မှုတွေ ရရှိခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ ပွဲဦးထွက် မီနီတေးအယ်လ်ဘမ်ဟာ လက်ရှိမှာ ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသပေါင်း ၅၉ ခုရဲ့ အိုင်ကျွန်းတေးဂီတဇယားမှာ နံပါတ်တစ်နေရာရရှိနေတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအိုရဲ့ ပထမဆုံးမီနီတေးအယ်လ်ဘမ်ဟာ Empathy လို့ အမည်ရပြီး ဇူလိုင် ၂၆ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ပြီးမကြာမီမှာပင် ယခုလို အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ဇူလိုင် ၂၇ ရက်မှာ ဒီအိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က အဆိုပါတေးအယ်လ်ဘမ်အနေနဲ့ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်ကြောင်း ထုတ်ပြန်ခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ဟာ မက္ကဆီကို၊ နယူးဇီလန်၊ နိုင်ဂျီးရီးယား၊ နော်ဝေ၊ အိန္ဒိယ၊ ပြင်သစ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ) အစရှိတဲ့ နိုင်ငံနဲ့ ဒေသစုစုပေါင်း ၅၉ ခုက အိုင်ကျွန်းတေးဂီတဇယားတွေရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းကို ဦးဆောင်ထားပါတယ်။ ဒ့ါအပြင် အဆိုပါ တေးအယ်လ်ဘမ်ဟာ ဒေသတွင်း တေးဂီတဇယားအချို့မှာလည်း နံပါတ်တစ်နေရာရရှိထားကြောင်း သိရပါတယ်။

# ဂျီချန်ဝုတ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျီချန်ဝုတ်ဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း လတ်တလောမှာ စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် မင်းသားအနေနဲ့ ရိုက်ကူးနေတဲ့ ရုပ်ရှင်ကို ဆက်လက်ရိုက်ကူးနိုင်ခြင်းမရှိဘဲ ခေတ္တရပ်နားထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီချန်ဝုတ်အနေနဲ့ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ရကြောင်း အေဂျင်စီက လတ်တလောမှာ ထုတ်ပြန်ခဲ့ပါတယ်။ သူဟာ တောင်ကိုရီးယားအနုပညာအသိုင်းအဝိုင်းမှာ ရောဂါကူးစက်ခံရတဲ့ ပထမဆုံး နာမည်ကြီး အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဂျီချန်ဝုတ်အနေနဲ့ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရကြောင်းကို သူ့ရဲ့ အေဂျင်စီက ဇူလိုင် ၂၆ ရက်မှာ တရားဝင်ထုတ်ပြန်ခဲ့တာပါ။ လက်ရှိမှာ မင်းသားဟာ သီးသန့်နေထိုင်ပြီး ကုသမှုတွေ ခံယူနေကြောင်းလည်း အေဂျင်စီဘက်က အသိပေးခဲ့ပါတယ်။ တောင်ကိုရီးယားမီဒီယာတွေရဲ့ ရေးသားဖော်ပြချက်အရ ဂျီချန်ဝုတ်ဟာပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ဇူလိုင် ၂၆ ရက်မှာမှ စစ်ဆေးချက်အဖြေကို သိရှိခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

သူဟာ လက်ရှိမှာ Annarasumanar (The Sound Of Magic) လို့ အမည်ပေးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကို ရိုက်ကူးနေတာလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲကို နက်ဖ်လစ်က ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး ဂျီချန်ဝုတ် ပြန်လည်ကျန်းမာလာချိန်အထိ အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို ရပ်နားထားကြောင်း သိရပါတယ်။

# ဇာတ်လမ်းတွဲသစ်မှ ရှင်မင်အာရဲ့ ဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ရှင်မင်အာဟာ ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိတာ အချိန်အတော်ကြာပြီဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ မကြာမီမှာ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ပြီး လတ်တလောမှာ အဆိုပါရုပ်ရှင်မှ ရှင်မင်အာရဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှင်မင်အာဟာ Hometown Cha-Cha-Cha လို့ အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲမှာ မင်းသားကင်ဆွန်းဟိုနဲ့ တွဲဖက်ကာ အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ထားတာပါ။ အဆိုပါဇာတ်လမ်းတွဲကို tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် ယင်းရုပ်ရှင်ဟာ အချစ်ဇာတ်လမ်းအမျိုးအစားလည်း ဖြစ်ပါတယ်။ အဆိုပါဇာတ်လမ်းတွဲမှာ ရှင်မင်အာဟာ သွားဆရာဝန်တစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး ကင်ဆွန်းဟိုကတော့ ထူးဆန်းတဲ့ အလုပ်မျိုးတွေကိုလုပ်ကိုင်ရင်း မြို့မှာရှိနေတဲ့ သူတွေကို ကူညီတတ်သူတစ်ဦးအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာ ထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံတွေမှာတော့ ပင်လယ်ကမ်းစပ်က မြို့လေးကို ရောက်ရှိလာတဲ့ ရှင်မင်အာရဲ့ ပုံရိပ်တွေ ပါဝင်နေတာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲကို လာမယ့် ဩဂုတ် ၂၈ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

■




အေးပြည့် - ရေးသားသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုခမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
